မြန်မာ့ သံတော်ဆင့်
THE MYANMAR HERALD
အပတ်စဉ်သတင်း
အတွဲ ၂၊ အမှတ် (၅၀)၊ ဖေဖော်ဝါရီ ၂၂ - ၂၈၊ ၂၀၁၄ ခုနှစ်
မြန်မာသက္ကရာဇ် ၁၃၇၃ ခုနှစ် ၌ ထူထောင်သည်

လူကြီးသူမတွေ မိန့်ခဲ့မဟုတ်လား
အသက်တစ်ရာ မနေရပေမယ့်
ဗိုလ်ချုပ်တစ်ရာတော့
ကြုံရတွေ့ရပေမပေါ့ . . .

စာမျက်နှာ ၃ သို့ ➢




# အာဏာရှင်ဟောင်း ဦးနေဝင်း၏မြေးများနှင့် ဝန်ကြီးဦးအောင်မင်းခေါင်းဆောင်သော ငြိမ်းချမ်းရေးစင်တာအဖွဲ့ဝင်များ ၂ ကြိမ် လျှို့ဝှက်တွေ့

စာမျက်နှာ ၁၁ သို့ ➢

# ကြံ့ခိုင်ရေးမောက်မာထင်ပေါ်လိုသူ တာဝန်ရှိသူအချို့ ဆရာ၊ ဒကာစီမံချက်ဖြင့် ဘာသာရေးကို ခုတုံးလုပ်

စာမျက်နှာ ၂၂-၂၃ သို့ ➢




ကိုရင်လေးဆရာတော်
ဘဒ္ဒန္တပုပ္ဖရမ္မ၏
အကြီးဆုံးစေတီထီးတင်ပွဲ
ကြံ့ခိုင်ရေးဝန်ကြီးချုပ်နှစ်ဦး
တက်ရောက်ဆင်နွှဲ

စာမျက်နှာ ၂၄ သို့ ➢

# ကြံ့ခိုင်ရေးပါတီ ဒုဥက္ကဋ္ဌ-၂ သူရဦးအေးမြင့် ဖတ်စေချင် ‘ပြင်ဦးလွင်က သူရမချစ်ပို’

သူရဘွဲ့ရရှိသူများအနက်
အမျိုးသမီးသူရဲကောင်း
မချစ်ပိုတစ်ယောက် အပါအဝင်ဖြစ်
ဦးအေးမြင့် သူရဘွဲ့ရသည်မှာ
အဆန်းမဟုတ်ပါ . . .

စာမျက်နှာ ၂၉ သို့ ➢


သူရမချစ်ပို

# ဦးမောင်အေး၏ ဘုရားပွဲ အစိုးရအကြီးအကဲများ၊ ဗိုလ်ချုပ်ကြီးများ တကူးတကဖိတ်ကြားခြင်းမျိုးမဟုတ်ဘဲ ၎င်းတို့ကိုယ်တိုင် လာရောက်ကြခြင်းသာဖြစ်

စာမျက်နှာ ၉ သို့ ➢

ဖြုန်းခေါင်းဖြတ်ခံရအမျိုးသမီးသတင်း
နိုင်ငံပိုင်သတင်းစာများနှင့် The Voice ဂျာနယ်
စာနယ်ဇင်းကျင့်ဝတ်တင်မက
လူမှုကျင့်ဝတ်ဖောက်ဖျက်သလိုဖြစ်နေ

စာမျက်နှာ ၂ သို့ ➢


ဦးမောင်အေး၏ ဘုရားဆွမ်းလောင်းပွဲသို့ ဝန်ကြီးချုပ်ဦးသာအေး၊ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုးမိသားစုများ တက်ရောက်ကြစဉ်
Photo: TKK

# အစိုးရထွေအုပ်သတင်းရေးမိ အပြစ်ရှိတယ်လို့ တရားရုံးဆုံးဖြတ် ဒဏ်ငွေပမာဏ တန်ဖိုးနဲ့တွက်ရင် မများပေမယ့် သတင်းရယူရေးသားမှုကို အပြစ်ရှိတယ်လို့ အကွက်ဆင်ခံရတာကို မကျေနပ်


တရားစွဲခံခဲ့ရသော
မြန်မာသံတော်ဆင့် ပဲခူးတိုင်း
သတင်းတာဝန်ခံ ဦးသန်းမြတ်စိုး

စာမျက်နှာ ၂၁ သို့ ➢

# တိုင်းပြည်လွတ်လပ်ရေးတို့၊ အချုပ်အခြာအာဏာပိုင်ရေးတို့ ပြောပြောနေပြီးတော့ ကိုယ့်ရဲ့ရုပ်သံလွှင့်ဌာနကြီးတောင် ဗမာလိုမပြောဘူး။ MRTV တဲ့ ရှက်ဖို့ကောင်းတယ် . . .

စာမျက်နှာ ၁၉ သို့ ➢

ဥက္ကဋ္ဌ
ဦးတင်ထွတ်နှင့်
စုံစမ်းရေး
အမတ်များ
လယ်မြေကော်မရှင်မှ
နုတ်ထွက်သင့်ဟု
ဆန္ဒထုတ်ဖော်
ပြောကြား

စာမျက်နှာ ၁၂ သို့ ➢

မြန်မာသံတော်ဆင့်ကာတွန်း





အယ်ဒီတာ့အာဘော်

# ဒီမိုကရေစီကို ရန်ရှာနေသူများ

မြန်မာ့ဒီမိုကရေစီရေးကြိုးပမ်းမှုသည် လက်ရှိအထိ မရေရာမသေချာမှုများထဲတွင် စမ်းတဝါးဝါးဖြစ်နေရဆဲဖြစ်သည်။ သို့သော် ယခင်ထက်နှိုင်းစာလျှင် ပြည်သူတို့၏ပူးပေါင်းပါဝင်မှု ပိုမိုမြင့်မားလာခဲ့ပြီး အားတက်စရာအခြေအနေများကိုလည်း တွေ့မြင်နေရသည်။ ဥပမာအားဖြင့် ဒီမိုကရေစီစနစ် ပီပီပြင်ပြင်ဖြစ်ထွန်းလာစေရေးအတွက် အဓိကအကျဆုံးဖြစ်သော ၂၀၀၈ အခြေခံဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်၍ ပြည်သူတို့၏ ထောက်ခံပါဝင်မှုနှင့် ဆန္ဒဖော်ထုတ်ပြသမှုများကို ကျယ်ကျယ်ပြန့်ပြန့် မြင်တွေ့ကြားသိနေရသည်။ ဒီမိုကရေစီအင်အားစုများဘက်က လည်း ဖွဲ့စည်းပုံ ပြင်ဆင်ရေးလမ်းကြောင်း ကို နည်းလမ်းအမျိုးမျိုးဖြင့် တွန်းအားပေး လာနေသည်ဟု ယူဆရသည်။

ယင်းအခြေအနေကြောင့် မြန်မာ့ဒီမိုကရေစီရေးအတွက် ၂၀၁၅ မတိုင်မီ အပေါင်းလက္ခဏာဆောင်သောရလဒ်ကို ပြည်သူတို့ ရရှိခံစားနိုင်ဖွယ်ရှိသည်ဟူသော မျှော်လင့်ချက်ရေးရေးမျှ ပေါ်လာခဲ့သည်။ အဆိုပါ မျှော်လင့်ချက်ခပ်ရေးရေး မြင်လာရသည့်အချိန်မှာပင် တိုက်တိုက်ဆိုင်ဆိုင် အဖျက်အမှောင့်အရာများ ပေါ်ထွက်လာတော့သည်။ ဒီမိုကရေစီစံနှုန်းနှင့် အလွန်အမင်းလွဲချော်နေသော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအား ပြင်ဆင်ရန်အတွက် တွန်းအားပေးနိုင်ရန် အားထုတ်ကြိုးပမ်းနေကြစဉ်မှာပင် ယင်းပြဋ္ဌာန်းချက်များကို မပြင်ဆင်သင့်ဟူ၍ မိုင်းတိုက်မှုများ ဆက်တိုက်တွေ့မြင်လာရသည်။ ထို့အပြင် ဒီမိုကရေစီစနစ်၏ အနှစ်သာရဖြစ်သော လွတ်လပ်စွာထုတ်ဖော် ပြောဆိုခွင့်၊ ဖော်ထုတ်ပြသခွင့်များကို နည်းလမ်းအမျိုးမျိုးဖြင့် ဟန့်တားနှောင့်ယှက်ရန် ကြိုးစားလာကြသည့် ဖြစ်ရပ်မျိုးကလည်း ယခုအချိန်ကျမှ တိုက်ဆိုင်စွာပေါ်ထွက်လာသည်။ ယင်းဖြစ်ရပ်များကို လေ့လာကြည့်မည်ဆိုပါက အမျိုးသားရေးနှင့် ဘာသာ၊ သာသနာရေးကို ခုတုံးလုပ်ကာ ဒီမိုကရေစီ၏အနှစ်သာရအား ဖျက်ဆီး၍ နိုင်ငံရေးအမြတ်ထုတ်ရန် လုပ်ဆောင်နေခြင်းသာ ဖြစ်သည်ဟု သုံးသပ်နိုင်မည်ဖြစ်သည်။

ယခုကာလအတောအတွင်း အဆိုပါဖြစ်ရပ်များသာမက လယ်သိမ်း၊ မြေသိမ်းမှု၊ လယ်သမားများကို လူမိုက်ငှား ရိုက်နှက်မှု၊ ကျူးကျော်ဟုဆိုသူများကို လူသားမဆန်စွာ မောင်းထုတ်ဖယ်ရှားမှု၊ အာဏာပိုင် အကြီးအကဲများ၏ ပြည်သူအပေါ် စော်ကားပြောဆိုမှု၊ ပုံနှိပ်မီဒီယာများအပေါ်ဖိအားပေးလာမှု စသည့်စသည့် ဖြစ်ရပ်မျိုးစုံကိုလည်း မြင်တွေ့ကြားသိနေရသည်။

ဆိုရလျှင် ယင်းဖြစ်ရပ်များသည် မြန်မာ့ဒီမိုကရေစီရေးအတွက် အရှိန်ကောင်းစတင်ရရှိလာချိန်မှာပင် တိုက်တိုက်ဆိုင်ဆိုင်ပေါ်ထွက်လာခဲ့သော အဖျက်အမှောင့်များဖြစ်သည်။ ယင်းအဖျက်အမှောင့်လုပ်ရပ်များကို ဖြစ်ပေါ်လာရန် ဖန်တီးသူများသည် ဒီမိုကရေစီကို မလိုလားသူများပင်ဖြစ်သည်ဟု ကောက်ချက်ချနိုင်သည်။ တန်းတူရည်တူ၊ အခွင့်အရေးတူရရှိစေပြီး နိုင်ငံနှင့်နိုင်ငံသားအားလုံးအတွက် အကျိုးဖြစ်ထွန်းစေမည့် ဒီမိုကရေစီစနစ်ကို မည်ကဲ့သို့သောပုဂ္ဂိုလ်များ မလိုလားပါသနည်း။ ရှင်းပါသည်။ နိုင်ငံသားအများစုထက် အခွင့်အရေး အလွန်အကြူးပိုကဲစွာရယူထားသူများ၊ ဒီမိုကရေစီအလင်းရောင်သန်းလာချိန်တွင် အမှောင်ဖုံးစဉ်က ပြုထားသော မတရားမှုများ လူသိရှင်ကြားဖြစ်လာမည်ကို ကြောက်ရွံ့သူများနှင့် အာဏာရှင်စနစ်ကြောင့် အကျိုးစီးပွားဖြစ်ထွန်းခဲ့ပြီး လက်ရှိလည်း ဆက်လက်အကျိုးရှိနေကြသူများသာလျှင် ဒီမိုကရေစီစနစ်ကို ရန်လိုနေကြလိမ့်မည်ဖြစ်သည်။

မြန်မာ့ဒီမိုကရေစီရေးအတွက် ရေးတေးတေးသာရှိသေးသော မျှော်လင့်ချက်အလင်းရောင် ပြန်လည်မှေးမှိန်သွားခြင်းမရှိစေရန်အတွက် အဆိုပါ ဒီမိုကရေစီစနစ်အပေါ်ရန်ရှာနေကြသူများအား သတိကြီးစွာ ထားသင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

**အယ်ဒီတာ**

၁၉-၂-၂၀၁၄

□ ခေါင်းဆောင်ကောင်းဆိုတာ
ပြောသလိုလုပ်၊ လုပ်သလိုပြော
အပြောနဲ့အလုပ် ထပ်တူကျသတဲ့။
သမိုင်းမှာ မှတ်တမ်းဝင်
အနီးဆုံးလူ ပမာပြရရင်
'ဟော့ကောင်တွေ
မင်းတို့ကို ငါပြောသလို
ငါကိုယ်တိုင်လည်း လုပ်တယ်ကွ' တဲ့
အဲဒီလိုဗိုလ်ချုပ်
ကျုပ်တို့ပိုင်ခဲ့ဖူးတယ်။

□ လူအမျိုးမျိုး စိတ်အထွေထွေတဲ့ဗျာ
ငါပြောသလိုလုပ်
ငါလုပ်သလို မလုပ်နဲ့ဆိုတဲ့
အပွင့်အခက်တွေလည်း ကျုပ်တို့ပိုင်ဖူး။
အပြောက ချမ်းသာလည်းရှုံး
မိုးဝင်းလည်းလက်မှိုင်ချ
ဖိုးချစ်လောက်များ ပျင်းတောင်ပျင်းသေး
အလကားကျော်စွာ ရွှေမန်းမှ... ရွှေမန်း
သေနတ်ပစ်ကောင်းသလို
စကားပြောကောင်းတဲ့ ဗိုလ်ချုပ်တွေလည်း
ကျုပ်တို့ပိုင်ဖူး။
အဲ... အဲ စင်ပေါ်တက် က,တော့မှ
ဗုံလည်းမဟုတ် ပတ်လည်းမဟုတ်
ချိုမှိုင်မှိုင်လေးပဲ က,တဲ့
ဗိုလ်ချုပ်လည်း ကျုပ်တို့ပိုင်။
ဘယ်ထိုးလိုက် ညာထိုးလိုက်
ခြေထိုးအက ကျွမ်းတဲ့
ဗိုလ်ချုပ်မျိုးလည်း ကျုပ်တို့ပိုင်။
နှစ်ပါး ခြေအဆင်းမှာ
ဘီလူးလို ကျွမ်းထိုးတဲ့
ဗိုလ်ချုပ်မျိုးလည်း ကျုပ်တို့ပိုင်။

□ လူကြီးသူမတွေ မိန့်ခဲ့မဟုတ်လား
အသက်တစ်ရာ မနေရပေမယ့်
ဗိုလ်ချုပ်တစ်ရာတော့
ကြုံရတွေ့ရပေမပေါ့။

ဗိုလ်ချုပ်မှန်ရင်
လူရှိသေ ရှင်ရှိသေ
ကုမ္ပဏီလေးတစ်ခုတော့ ရှိမှဆိုတဲ့ခေတ်လည်း
ကျုပ်တို့ ကြုံခဲ့ဖူးတယ်။

ကုမ္ပဏီမပြောနဲ့
အိမ်ဖော်တောင် အိမ်မက်မမက်ဖူးလို့
မယားကို ပဲပြုတ်နဲ့နံပြား
ဝယ်ခိုင်းရတဲ့ ဗိုလ်ချုပ်
ကျုပ်တို့ ကြုံခဲ့ဖူးတယ်။




ရုပ်ရှင်ရှေ့ဆုံးတန်းက ဝယ်ကြည့်တဲ့ဗိုလ်ချုပ်
လမ်းဘေးအကြော် ဝယ်စားတဲ့ဗိုလ်ချုပ်
အိမ်ပိုင် မြေပိုင်မရှိတဲ့ ဗိုလ်ချုပ်
ဖာနိုင်ငံဖြစ်မှာစိုးတဲ့ ဗိုလ်ချုပ်
ကျုပ်တို့ ကြုံခဲ့ဖူးတယ်။

ရန်သူကို တည့်တည့်ပစ်တဲ့ ဗိုလ်ချုပ်
ပြည်သူကို တည့်တည့်ပစ်တဲ့ ဗိုလ်ချုပ်
ရန်သူကို အင်အားသုံးတဲ့ ဗိုလ်ချုပ်
ပြည်သူကို အင်အားသုံးတဲ့ ဗိုလ်ချုပ်
ရန်သူကို မာယာသုံးတဲ့ ဗိုလ်ချုပ်
ပြည်သူကို မာယာသုံးတဲ့ ဗိုလ်ချုပ်
ဗိုလ်ချုပ်... ဗိုလ်ချုပ်
ကျုပ်တို့ ကြုံခဲ့ဖူးတယ်။

ပိုင်ခဲ့ဖူးတာတွေက ဒဏ္ဍာရီ
ပိုင်ချင်တာတွေက အိပ်မက်
ပိုင်နေရတာတွေက ပစ္စုပ္ပန်
ဘာပဲဖြစ်ဖြစ် စိတ်မညစ်နဲ့ဗျာ
အရင်ဘဝက မကောင်းမှုတွေ ပြုခဲ့သမျှ
ဒီဘဝ ဝဋ်ရှိသမျှခံ။ ။

ဗဦးမောင်

' BAND SCORE '- 7.5/8 များကိုမွေးထုတ်ပေးလျက်ရှိသော -
The IELTS Specialists
English ကို ဖက်ရှင်အဖြစ် သင်ယူခြင်းမဟုတ်ဘဲ
အမှန်တကယ်ထူးချွန်လိုသူများအတွက် Quality ၁၅ ဦး သီးသန့်
Exam-preparation
Pre-IELTS
[ short-long term / 1 yr.]
09 - 426 222 222
09 - 515 2065
Communicative ENGLISH
4-lg. Skills
[ Elementary - Advanced ]
{ ၁၁၉/ ၈-ထပ်၊ဘုန်းကြီးလမ်း၊(စမ်းချောင်း)၊ ရန်ကုန် }

The Myanmar Herald
Hot Line
09-430 85599,
09-420089861

အမေကြီး ချက်တဲ့ ရွှေဇီးကွက်ဆန်
"အိမ်အရောက်ပို့စနစ်ဖြင့် ဝန်ဆောင်မှုပေးနေပါပြီ"
GOLDEN OWL
အမှတ် (၃၁/၂၇)၊ ၁၆၆ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။
ဖုန်း- ၀၁-၅၄၃၂၂၈၊ ၅၄၆၄၇၇၊ ၄၀၀၅၄၈

'အမေ့ဆေး'
အမှတ်တံဆိပ်
ဆီးချို သွေးချို
သောက်ဆေး
မှတ်ပုံတင်ပြီး
သုံးစွဲရန် ဆေးပမာဏ
ပင်ရင်း - အမှတ် (၃၁)၊ (၁၂၂)လမ်း၊
ရေတွင်းကုန်းရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
နံနက် အစာမစားမီ (၃) ပြား
နေ့လည် အစာမစားမီ (၃) ပြား
ည အစာမစားမီ (၃) ပြား
ဖုန်း - ၀၁-၃၇၆၇၀၁၊ ၀၁ - ၃၇၆၇၀၂၊ ၀၉ - ၇၃၂၀၀၉၇၀
အမြို့မြို့အနယ်နယ်ရှိ
ဆေးမျိုးစုံဆိုင်များတွင် ရရှိနိုင်ပါသည်။

အတွဲ- ၂၊ အမှတ် ( ၅၀ )၊ ဖေဖော်ဝါရီ ၂၂ - ၂၈ ၊ ၂၀၁၄ ခုနှစ်

## နတ်စင်တစ်ရာ ဆရာတော်၏ ရွှေစည်းခုံစေတီ စတုဒိသာဆွမ်းလောင်းပွဲနှင့် ဂီတအစည်းအရုံးပူဇော်ပွဲ ကြံ့ခိုင်ရေး ဒုဥက္ကဋ္ဌ ပါဝင်လှူဒါန်း





ရန်ကုန်၊ ဖေဖော်ဝါရီ ၁၈

ကြံ့ခိုင်ရေးပါတီ ဒုတိယဥက္ကဋ္ဌဦးဌေးဦးနှင့်ဇနီးတို့သည်ရန်ကုန်မြို့ နတ်စင်တစ်ရာ ဆရာတော် ဘဒ္ဒန္တ ပညာတေဇ ဦးဆောင်၍ လှူဒါန်းသော ပုဂံညောင်ဦးရွှေစည်းခုံစေတီတော်မြတ်၌ သံဃာအပါး ၃၁၀ ဆွမ်း၊ သင်္ကန်း လောင်းလှူပွဲနှင့် ၈၅ ကြိမ်မြောက် စတုဒိသာ ကျွေးမွေးပွဲကျင်းပရာ ဖေဖော်ဝါရီ ၁၅၊ ၁၆ ရက်များတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ ကြံ့ခိုင်ရေး ပါတီဝင်များနှင့်အတူ ပါဝင်လှူဒါန်းခဲ့ကြသည်။ ဦးဌေးဦးသည် ဖေဖော်ဝါရီ ၁၇ရက်နေ့တွင် ရန်ကုန်မြို့ သန္တိသုခ ကျောင်းတော်၌ပြုလုပ်သော ဂီတအစည်းအရုံး သက်ကြီးပူဇော်ပွဲသို့လည်းတက်ရောက်၍ လှူဒါန်းပူဇော် ကန်တော့ခဲ့ကြောင်း သိရှိရသည်။

(ကြံ့ခိုင်ရေး)




ဒေသခံပြည်သူများလှူဒါန်းသည့်
ဆွမ်းလောင်းပွဲများတွင်
ကြံ့ခိုင်ရေးတာဝန်ရှိသူအချို့က
ယူနီဖောင်းဝတ်ပြီး ဆွမ်းလောင်း၊
ထင်ပေါ်လိုသူအချို့နှင့်
ဆရာ၊ ဒကာ စိမ်ချက် . . .
ကြံ့ခိုင်ရေး ဘာလဲ၊ ဘယ်လဲ(ရ)
တ-၂၂သို့

## တိမ်ကောနေသော ဧရာဝတီမြစ်နှင့် မြစိမ်းမင်းသမီး



ပြည်၊ ဖေဖော်ဝါရီ ၁၄

မြန်မာနိုင်ငံ မြောက်ဖျားမှသည် စီးဆင်းနေသော ဧရာဝတီမြစ်၏ တိမ်ကောနေသောအပိုင်း ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ဧရာဝတီမြစ်ကမ်းသောင်ပြင်နှင့်တစ်ဖက်ကမ်းရှိမြစိမ်းမင်းသမီးနတ်ကွန်းကိုဖေဖော်ဝါရီလအတွင်း ပုံပါအတိုင်းတွေ့ရသည်။

The Myanmar Herald
မြန်မာသံတော်ဆင့်
Hot Line
09-5506990
09-430 85599,
09-420089861






အတွဲ-၂၊ အမှတ် ( ၅၀ )၊ ဖေဖော်ဝါရီ ၂၂ - ၂၈ ၊ ၂၀၁၄ ခုနှစ်

# ပြည်ထောင်စုကြီး ငြိမ်းချမ်းရေး တည်ဆောက်နိုင်ပါမည် လော - ၂

အံ့ခေါင်မင်း

**"၁၈ နှစ်၊ ၁၉ နှစ်အရွယ်ရှိတဲ့ လက်နက်ကိုင်တိုင်းရင်းသားလူငယ်တွေက ပြောကြတယ်။ ကျွန်တော်တို့လည်း လက်ဝ်တော့တွေ၊ ကွန်ပျူတာတွေကိုင်ချင်တယ်ဆိုတဲ့ စကားဖြစ်ပါတယ်။ ကျွန်တော်တကယ့်ကိုပဲ စိတ်မကောင်းဖြစ်ရပါတယ်။ ကျွန်တော် အခိုင်အမာသန္နိဋ္ဌာန်ချထားပါတယ်။ ကျွန်တော်တို့ အစိုးရလက်ထက်မှာ ဒီလိုမယုံမရဲဖြစ်နေတဲ့ စိုးရိမ်မှုတွေမပျောက်ပျောက်အောင်ဖျောက်ပစ်ရပါမယ်။ ဒါဟာ ကျွန်တော်တို့ အစိုးရရဲ့ ခံယူချက်လည်းဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားတွေ ခံစားနေကြရတဲ့ ခါးသီးတဲ့ဒဏ်ရာတွေ၊ စူးနစ်တဲ့အတွေ့အကြုံတွေ၊ ပျောက်ဆုံးနေတဲ့ အိပ်မက်တွေ ကျွန်တော်တို့အားလုံး ဖြည့်ဆည်းပေးဖို့ တာဝန်ရှိပါတယ်။ ဒါဟာ ကျွန်တော်တို့အားလုံးအတွက် သမိုင်းပေးတာဝန်တစ်ရပ်လည်း ဖြစ်ပါတယ်။ ကချင်တိုင်းရင်းသားအဖွဲ့အစည်းတွေနဲ့ ပတ်သက်ပြီး ပြည်တွင်း၊ ပြည်ပက မေးမြန်းကြတာတွေ ရှိပါတယ်။ မိဘပြည်သူတွေလည်း သိချင်နေကြပါလိမ့်မယ်။ ကျွန်တော်ကိုယ်တိုင် တပ်မတော်ကို မိမိကိုယ်ကိုယ်ခုခံကာကွယ်ရုံကလွဲပြီး ထိုးစစ်ဆင် တိုက်ခိုက်မှုတွေ မလုပ်ဖို့ ညွှန်ကြားထားပြီးတဲ့အနေအထားမှာ ဘာဖြစ်လို့ ပစ်ခတ်တိုက်ခိုက်မှုတွေ မရပ်သေးတာလဲဆိုတဲ့ မေးခွန်းပဲဖြစ်ပါတယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်တိုင် လက်အောက်ခံတပ်ရင်းတပ်ဖွဲ့တွေကို ဆက်လက် ညွှန်ကြားပြီးလည်း ဖြစ်ပါတယ်။ တပ်မတော်မှာ အမိန့်နဲ့ ညွှန်ကြားချက်ဟာ အသက်သွေးကြောဖြစ်ပါတယ်။ ယနေ့ မပြီးပြတ်သေးတဲ့ တိုက်ပွဲတွေနဲ့ ပတ်သက်ပြီး တစ်ဖက်နဲ့တစ်ဖက် လက်ညှိုးထိုးအပြစ်တင်ရုံနဲ့ ပစ်ခတ်တိုက်ခိုက်မှုတွေ ရပ်စဲသွားမှာ မဟုတ်ပါဘူး။ နိုင်ငံရေးအရ ဆွေးနွေးညှိနှိုင်းနိုင်ဖို့အတွက် ပထမဦးဆုံး နှစ်ဦးနှစ်ဖက် ပစ်ခတ်တိုက်ခိုက်မှုတွေ ရပ်စဲဖို့ လိုပါတယ်"**

ဤစကားစုမှာ နိုင်ငံတော် သမ္မတ ဦးသိန်းစိန်က ၎င်း၏ သမ္မတသက်တမ်း တစ်နှစ်ပြည့်မိန့်ခွန်းအဖြစ် လွန်ခဲ့သော ၂၀၁၂ ခုနှစ်၊ မတ်လ(၁)ရက်နေ့တွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

မြန်မာ့ငြိမ်းချမ်းရေးအတွက် လတ်တလော ငြိမ်းချမ်းရေးဖြစ်စဉ် ဆောင်ရွက်ချက်များသည် အပေါ်ယံအနေဖြင့်ကြည့် မည်ဆိုပါက ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန် အားသွန်ခွန်စိုက်ကြိုးပမ်းနေကြသည်ဟု ထင်မြင်ကြမှုများရှိနိုင်ပေသည်။ သို့သော် အမှန်အတိုင်းထိုးဖောက်သုံးသပ်မည်ဆိုပါက လက်တွေ့အကောင်အထည်ဖော်ရေးကဏ္ဍတွင် အလွန်တရာ အားနည်းလှကြောင်း တွေ့ကြရပေမည်။

အထက်ဖော်ပြပါမိန့်ခွန်း ပြောကြားပြီး (၂) နှစ်ပြည့်ရန် လပိုင်းမျှသာ လိုတော့သည့် ယခုအချိန်အထိ မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်သည် ဇာတ်မျောကြီးအဖြစ်သာရှိနေသေးသည်ဟုဆိုရမည်ဖြစ်သည်။

ယင်းသမ္မတ မိန့်ခွန်းပြောကြားချိန်တွင် ကေအိုင်အိုနှင့် တိုက်ပွဲများ တစ်စစဖြင့် အလွန်ပြင်းထန်နေခဲ့ပြီး ကေအိုင်အို



ဓာတ်ပုံ -beforeitsnews.com

**ပြည်ထောင်စုဝန်ကြီးဦးအောင်မင်းဆိုလျှင် တိုင်းရင်းသားအဖွဲ့များနှင့် ငြိမ်းချမ်းရေးရရှိရေးဆောင်ရွက်ရာတွင် မည်သည့်ကန့်သတ်ချက်မှမရှိ၊ တိုင်းရင်းသားများအနေဖြင့် လိုရာကိုတောင်းဆိုနိုင်ကြောင်း၊ နိုင်ငံရေးအရဆွေးနွေးမှု ပြုလုပ်လိုလျှင် အချိန်မရွေးပင်ဖြစ်နိုင်ကြောင်း နိုင်ငံရေးနှင့် ငြိမ်းချမ်းရေး ဖြစ်စဉ်အတွင်း အထူးကျော်ကြားသည့် စကားများကို ပြောကြားခဲ့ ...... ဦးသိန်းစိန်အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆောက်ရွက်မှုနှင့် ထိုငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်နေသည့်သူများ၏ အပြောများသာများကာ အမှန်တကယ် အောင်မြင်အောင် အကောင်အထည်ဖော်နိုင်မှု အားနည်းနေခြင်း၏ သက်သေပင် .....**

ဌာနချုပ်ကိုပင် သိမ်းပိုက်နိုင်တော့မည့် အနေအထားတွင် ပြည်တွင်း၊ ပြည်ပက ယင်းအခြေအနေအပေါ် ဖိအားများ လွန်စွာများပြားလျက်ရှိနေခဲ့သည်။ ထို့နောက် ကေအိုင်အိုနှင့် သုံးကြိမ်တိုင်တွေ့ဆုံမှုအဖြစ် ပြည်ထောင်စုအဆင့်တွေ့ဆုံ ဆွေးနွေးမှုအထိပြုလုပ်ခဲ့သော်လည်း အီလည်လည်ဆွေးနွေးမှုသဘောတူညီချက်များဖြင့် အပစ်အခတ်များ ရပ်ဆိုင်းခဲ့သည်။ ထိုအချိန်က အခြားတိုင်းရင်းသားအဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်ရေးတွေ့ဆုံဆွေးနွေးမှုများ အောင်မြင်မှုမရသေးသည့်အချိန်ဖြစ်သည်ကိုအထူးသတိမူမိကြရန်လိုသည်။

ယင်းသို့ အင်အားကြီးမားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတစ်ရပ်ကို အားသွန်ခွန်စိုက်အလုံးအရင်းထိုးစစ်ဆင်မှုများပြုလုပ်ပြီးနောက် ခိုင်မာသည့် အပစ်အခတ်ရပ်ရေးဆောင်ရွက်မှုများ ပြုလုပ်ခြင်းမရှိဘဲ တစ်စခန်းရပ်ကာ အခြားတိုင်းရင်းသားအဖွဲ့အစည်းများနှင့် ပြည်ထောင်စုအဆင့်ဆိုသည့် အပစ်အခတ်ရပ်ရေးသဘောတူညီမှုများကို ဆောင်ရွက်နေခဲ့သည်။ ထို့နောက် ကေအိုင်အိုနှင့် ပလောင်(တအောင်း) တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တို့ဖြင့်သာ ပြည်ထောင်စုအဆင့်အပစ်အခတ်ရပ်ရေး စာချုပ်လက်မှတ်ရေးထိုးရန်ကျန်ရှိတော့ချိန်တွင် တစ်ပြည်လုံးအတိုင်းအတာ အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးရန်ဆိုသည့် ခေါင်းစဉ်တစ်ရပ်ကို ထပ်မံသွတ်သွင်းလာကာ တိုင်းရင်းသားအဖွဲ့အားလုံးမျှော်လင့်လိုလားနေသော နိုင်ငံရေး မူဘောင်ဆိုင်ရာဆွေးနွေးရေးသို့ မရောက်ရှိနိုင်သေးသည့် လုပ်ငန်းစဉ်ကို ဆောင်ရွက်ပြန်သည်။ ပြည်ထောင်စုအပစ်အခတ်ရပ်ရေး လက်မှတ်ရေးထိုးရန် အဖွဲ့နှစ်ဖွဲ့သာကျန်ရှိ တော့ချိန် ထိုအဖွဲ့နှစ်ဖွဲ့နှင့် သဘောတူလက်မှတ်ရေးထိုးနိုင်သည်အထိဆောင်ရွက်မှုမရှိဘဲ ကျန်အဖွဲ့အားလုံးနှင့် သဘောတူညီလက်မှတ်ရေးထိုးထားမှုများသည်လည်း ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် အမှန်တကယ် အဆုံးအဖြတ်ပြုမည့် နိုင်ငံရေးမူဘောင်ဆွေးနွေးညှိနှိုင်းနိုင်ရေးသို့ ရောက်ရှိနိုင်သည် ရလဒ်များမဟုတ်တော့ဘဲ အပစ်အခတ်ရပ်ရေး သဘောတူညီရန်ဆိုသည်ဖြင့်သာ သံသရာလည်ခဲ့ရတော့သည်။

တစ်ပြည်လုံးအတိုင်းအတာ အပစ်ရပ်ရေးဆွေးနွေးသဘောတူမှု ပြုလုပ်ရန်ဆိုသည်ကြောင့်ပင် တိုင်းရင်းသားလက်နက်ကိုင်များ စုံညီဆွေးနွေးပွဲဖြစ်သည့် တိုင်းရင်းသားများ၏ လိုင်ဇာတွေ့ဆုံဆွေးနွေးပွဲပေါ်ပေါက်လာခဲ့ပြီး တိုင်းရင်းသားများ၏ အပစ်ရပ်ရေးဘုံသဘောတူညီချက်ကို အကောင်အထည်ဖော်ရရှိခဲ့ကြသည်။ သို့သော် တိုင်းရင်းသားများက တစ်ပြည်လုံး အတိုင်းအတာအပစ်ရပ်ရေးဘုံသဘောတူညီချက်ကိုင်စွဲကာ လိုင်ဇာဆွေးနွေးပွဲအပြီး အစိုးရနှင့် မြစ်ကြီးနားတွေ့ဆုံဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့သော်လည်း သမ္မတဦးသိန်းစိန်၏ အစိုးရဘက်မှ တစ်ပြည်လုံးအတိုင်းတာအပစ်ရပ်ရေး သဘောတူညီမှု ရရှိနိုင်သည်အထိ ညှိနှိုင်းဆွေးနွေး သဘောတူညီချက်ရရှိအောင် မဆောင်ရွက်နိုင်ခဲ့ပြန်ပေ။ သို့ဖြင့် တိုင်းရင်းသားများဘက်မှ မကြာမီအချိန်ကပင် တိုင်းရင်းသားပေါင်းစုံ ဒုတိယအကြိမ်စုံညီအစည်းအဝေးဖြစ်သည့် လော်ခီးလာညီလာခံကို ပြုလုပ်နိုင်ခဲ့ပြီဖြစ်သော်လည်း လွန်ခဲ့သည့် ( ) လအကြာ မြစ်ကြီးနားတွေ့ဆုံဆွေးနွေးပွဲအပြီး သဘောတူထားသော အစိုးရနှင့် တိုင်းရင်းသားများ၏ ဘားအံ တွေ့ဆုံဆွေးနွေးပွဲ ဖြစ်မြောက်ရန်မှာလည်း ရက်သတ်မှတ်နိုင်ရေးပင် အချိန်များ တရွေ့တည်းရွေ့လျက်သာရှိနေတော့သည်။

ထိုသို့သော် မြစ်ကြီးနားဆွေးနွေးပွဲအပြီး မကြာမီကာလမှာပင် ကေအိုင်အိုနှင့် အစိုးရတပ်များကြားတိုက်ပွဲများသည် ယခုကဲ့သို့ပင် ဆက်တိုက်ဖြစ်ပေါ်လာခဲ့ပြန်သည်။

သမ္မတဦးသိန်းစိန်၏ အထက်ပါ မိန့်ခွန်းပြောကြားခဲ့ချိန်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်ရေးသဘောတူညီမှုများ စတင်ပြုလုပ်ခဲ့ချိန် လွန်ခဲ့သော (၂) နှစ်နီးပါးကာလကြာပြီးနောက်တွင် အစိုးရတပ်များ၏ ကေအိုင်အိုနယ်မြေအတွင်း ဝင်ရောက်ခြင်းများကြောင့် တိုက်ပွဲများ ထပ်မံဖြစ်ပွားလျက်ရှိနေပြန်သည်။

ဤသည်ကိုမှ ဦးသိန်းစိန်အစိုးရ၏ ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်ကြီးသည်မှာ ဇာတ်မျောကြီးဖြစ်ကြောင်း သုံးသပ်မှုအပေါ်ငြင်းချက်ထုတ်ပါကလည်း ဆိုဖွယ်ရာမရှိတော့ချေ။

**ဤသို့ပုံနှယ်ဖြင့် ပြည်ထောင်စုကြီး ငြိမ်းချမ်းရေး တည်ဆောက်နိုင်ပါမည်လော။**

(၂)နှစ်နီးပါးကာလတွင် ငြိမ်းချမ်းဖြစ်စဉ်အတွင်း တိုးတက်မှုများရှိပါသည်ဟု ဆိုကြလျှင်မူ ထိုတိုးတက်မှုများထက် အပြောများက များခဲ့ကြောင်းသာ သက်သေပြုရပေမည်။

ဦးသိန်းစိန် အစိုးရသက်တမ်းတစ်လျှောက်တွင် ငြိမ်းချမ်းရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် ကော်မတီအမျိုးမျိုး ပြောင်းလဲဖွဲ့စည်းခြင်း၊ တာဝန်ပြသူဆောင်ရွက်သူအပြောင်းအလဲများ အကြိမ်ကြိမ်ဆောင်ရွက်ခဲ့ပြီးနောက် ယခုလက်ရှိတွင် ပြည်ထောင်စုအစိုးရအရ ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုဥက္ကဋ္ဌအဖြစ် အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းများကိုလက်တွေ့ဦးစီးဆောင်ရွက်နေသော ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းဆိုလျှင် တိုင်းရင်းသားအဖွဲ့များနှင့် ငြိမ်းချမ်းရေးရရှိရေးဆောင်ရွက်ရာတွင် မည်သည့်ကန့်သတ်ချက်မှမရှိ၊ တိုင်းရင်းသားများအနေဖြင့် လိုရာကိုတောင်းဆိုနိုင်ကြောင်း၊ နိုင်ငံရေးအရဆွေးနွေးမှု ပြုလုပ်လိုလျှင် အချိန်မရွေးပင်ဖြစ်နိုင်ကြောင်း နိုင်ငံရေးနှင့် ငြိမ်းချမ်းရေး ဖြစ်စဉ်အတွင်း အထူးကျော်ကြားသည့် စကားများကို ပြောကြားခဲ့သော်လည်း ယနေ့အထိ ငြိမ်းချမ်းရေးရရှိရန်နှင့် မြန်မာ့ငြိမ်းချမ်းရေးအတွက် အဓိကဖြစ်သော နိုင်ငံရေးအရဆွေးနွေးမှုများကို အမှန်တကယ် အကောင်အထည်ပေါ်အောင် မဆောင်ရွက်နိုင်သေးခြင်းများက ဦးသိန်းစိန်အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆောက်ရွက်မှုနှင့် ထိုငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်နေသည့်သူများ၏ အပြောများသာများကာ အမှန်တကယ်အောင်မြင်အောင်အကောင်အထည်ဖော်နိုင်မှု အားနည်းနေခြင်း၏သက်သေပင်ဖြစ်သည်။

**ဤသို့ပုံနှယ်ဖြင့် ပြည်ထောင်စုကြီး ငြိမ်းချမ်းရေး တည်ဆောက်နိုင်ပါမည်လော။**

ထိုသို့ ဖြစ်ပေါ်နေရခြင်းများမှာ မည်သည့်အတွက်ကြောင့်နည်း။

မွန်တိုင်းရင်းသားခေါင်းဆောင်ကြီး တစ်ဦးဖြစ်သော ၉၀ ရွှေကောက်ပွဲဝင် မွန်ဒီမိုကရေစီဥက္ကဋ္ဌ ဝါရင့်နိုင်ငံရေးသမားကြီး ဦးနိုင်ငွေသိမ်းက "ဦးအောင်မင်းကို ကျွန်တော်ပြောတာက ယုံကြည်မှုတည်ဆောက်တာ လုပ်တာက ခင်ဗျားတို့လုပ်ရမှာ၊ ကျွန်တော်တို့ တိုင်းရင်းသားလုပ်စရာမလိုဘူး။

**စာမျက်နှာ(၁၉)သို့**

## လျှာပေါ်ဝဲ သရဏဂုံ

ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ။ အစတုန်းကတော့ သဘောမပေါက်ခင် တရားမရသေးခင် တရားမမိသေးခင် မသိသေးခင်တော့ သာမန်အားဖြင့် လျှာပေါ်ဝဲ သရဏဂုံနဲ့ သွားနေရတယ်။ တရားကျင့်ပြီးတဲ့အခါကျမှ ဒီရတနာဟာ တယ်စစ်ပါလားဆိုပြီးသိသွားတယ်။ အဲဒီကျမှ တန်ဖိုးမဖြတ်နိုင်တော့ဘူး။ တရားကျင့်ရာကစပြီး ဘုရားကို အာရုံပြုတဲ့အခါ ကျေးဇူးကြီးမားပါတယ်လို့ လှမ်းပြီးမြင်ရတယ်။ တရားရတနာသည် လေးပါးသောအပါယ်မှ ထုတ်နုတ်ကယ်တင်တတ်သောကြောင့် တရားလို့ခေါ်တယ်။ သည်တရားရတနာကိုရသွားလို့ရှိရင်လည်း မိမိတို့ ဘဝတစ်ပါးပြောင်းသွားတဲ့အခါကျတော့ ဆွမ်းသွတ်ရန်မလိုတော့ဘူး။ ဖြောင့်တန်းသွားပြီ။ အဲလိုမှတ်ရမယ်။

ရွှေပေါက်ကွန်းဆရာတော်
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဧယျသိဒ္ဓိမဟာထေရ်




# ဒုဗိုလ်ချုပ်မှူးကြီး(ငြိမ်း) ဦးမောင်အေး၏ ဘုရားပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး စစ်ကိုင်း ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌနှင့် အစိုးရအဖွဲ့ဝင်များတက်ရောက်

ကန့်ဘလူ၊ ဖေဖော်ဝါရီ ၁၄

ယခင် တပ်မတော်အစိုးရ အကြီးအကဲတစ်ဦးဖြစ်သော ဒုတိယဗိုလ်ချုပ်မှူးကြီး(ငြိမ်း) ဦးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်း မိသားစုများ၏ ကုသိုလ်တော် လှူဒါန်းခဲ့သော စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့၊ မဟာရွှေစည်းကြီးစေတီ ၁၄ ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ဆွမ်းလောင်းပွဲကို ဖေဖော်ဝါရီ ၁၄ ရက် (တပို့တွဲလပြည့်)တွင် ပြုလုပ်ရာ ဒုတိယဗိုလ်ချုပ်မှူးကြီး(ငြိမ်း) ဦးမောင်အေး ကျန်းမာရေးအရ မလာရောက်နိုင်သော်လည်း ၎င်း၏အစ်ကို ဦးကျော်ညွန့်နှင့် အစ်မဖြစ်သူ ဦးမောင်အေးမိသားစုသည် ဇာတိမြို့ဖြစ်သော ကန့်ဘလူမြို့တွင် အေးမြစိုး ဖောင်ဒေးရှင်းတည်ထောင်ထားပြီး ရန်ပုံ ငွေ၊ သရက်ဧက ၁၀၀၀၊ ကျွန်းစိုက်ဧက ၁၅၀၀ ကျော်တို့ဖြင့် ဒေသခံပြည်သူများအား ကျန်းမာရေး၊ လူမှုရေး စောင့်ရှောက်ခြင်းများဆောင်ရွက်လျက်ရှိသည်။

ဦးမောင်အေး ပြန်လည်ကုသိုလ်ပြုခဲ့သော မဟာရွှေစည်းကြီးစေတီဘုရားပွဲနှစ်စဉ်ကျင်းပရာသို့ အစိုးရအကြီးအကဲများနှင့် ဗိုလ်ချုပ်ကြီးများတက်ရောက်ခဲ့ခြင်းမှာ တကူးတက ဖိတ်ကြားခြင်းမျိုးမဟုတ်ဘဲ ၎င်းတို့ကိုယ်တိုင် လာရောက်ကြခြင်းသာ





ဒေါ်အုန်းကြည်မိသားစုဝင်များ လာရောက်ခဲ့ကြပြီး ဒေသခံများနှင့်အတူ သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူခဲ့ကြသည်။

ဦးမောင်အေး၏ဘုရားပွဲဆွမ်းလောင်းရာသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းလွှတ်တော်ဥက္ကဋ္ဌနှင့်အစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ မိသားစုများလည်း တပျော်တပါးလာရောက်၍ ဆင်နွှဲခဲ့ကြသည်။

ဖြစ်ကြောင်း ဦးမောင်အေး၏ မိသားစုဝင်တစ်ဦးက မြန်မာသံတော်ဆင့်သို့ပြောသည်။

ယခုနှစ် ဘုရားပွဲသို့ လာရောက်ခဲ့သူ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုးသည် ဦးမောင်အေးမိသားစု၏ အေးမြစိုး ဖောင်ဒေးရှင်းပိုင် သရက် ဧက ၁၀၀၀ စိုက်ခင်း အောင်မြင်ရေးအဓိက ဦးဆောင်စီစဉ်ပေးခဲ့သူ တစ်ဦးဖြစ်သည်။

MH-0011

**ဒုတိယ**
**ဗိုလ်ချုပ်မှူးကြီး(ငြိမ်း)**
**ဦးမောင်အေးမိသားစု၏**
**အေးမြစိုးဖောင်ဒေးရှင်းပိုင်**
**သရက် ဧက ၁၀၀၀**
**စိုက်ခင်းစီစဉ်ရန်**
**ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး**
**လာရောက်ခဲ့စဉ်။**
**(အောက်ပုံ)**



## မွေးနေ့ဆုမွန်လွှာ



၂၁-၂-၂၀၁၄ ရက်တွင် ကျရောက်သော ချစ်သားလေး မောင်အောင်မြတ်ဗိုလ်၊ Bo Bo ၏ (၄) နှစ်မြောက်မွေးနေ့ ရက်မြတ်မင်္ဂလာမှသည် နောင်နှစ်ပေါင်း ၁၀၀ ကျော်တိုင် မိသားစုများနှင့်အတူ ကျန်းမာချမ်းသာစွာဖြင့် အများအကျိုး၊ နိုင်ငံ့အကျိုး သယ်ပိုးထမ်းဆောင်နိုင်သည့် သားကောင်းရတနာဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်း လိုက်ပါသည်။

ဘိုးဘိုး-ဦးအောင်ကိုကို
(အမှုဆောင်အယ်ဒီတာ-စီမံ၊ မြန်မာသံတော်ဆင့်သတင်းဌာန)
ဘွားဘွား-ဒေါ်မာလာမြင့်
ဖေဖေ-ဦးဗိုလ်ကျော်၊ မေမေ-ဒေါ်နှင်းမိုးအောင်
ဦးလေး၊ ဒေါ်ဒေါ်များ

အတွဲ-၂၊ အမှတ်(၅၀)၊ ဖေဖော်ဝါရီ ၂၂ - ၂၈၊ ၂၀၁၄ ခုနှစ်

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား လွှတ်တော်အတွင်းဆွေးနွေးကာ ပြတ်ပြတ်သားသားလုပ်သင့်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၉**

မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှု လုပ်ငန်းစဉ်များအား အစိုးရဘက်မှ လွှတ်တော်အတွင်း အသေအချာဆွေးနွေးကာ ပြတ်ပြတ်သားသား လုပ်ဆောင်သင့်ကြောင်း ညီညွတ်သော တိုင်းရင်းသား လူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) ဒုတိယဥက္ကဋ္ဌ (၂) ဖြစ်သူ ပဒိုဒေးဗစ်သာကပေါက ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် မြန်မာသံတော်ဆင့်သို့ပြောသည်။

''သမ္မတကြီးတို့ ဦးအောင်မင်းတို့ ကျွန်တော့်အမြင်ကတော့ အာဏာသုံးပြီးတော့ ငြိမ်းချမ်းရေးကို ခပ်ပြတ်ပြတ်လေး လုပ်ဖို့လိုတယ်။ ဥပဒေတွေ ဘာတွေ ပါလီမန်အတွင်းမှာကိုက ဆွေးနွေးဖို့လိုတယ်။ ငြိမ်းချမ်းရေးနဲ့ ပတ်သက်လို့ တိုင်းရင်းသားတွေရဲ့ တောင်းဆိုချက်တွေ၊ ရပိုင်ခွင့်တွေ ဆွေးနွေးပြီးတော့မှ ငြိမ်းချမ်းရေးလုပ်ငန်းကို ကောက်ခံဖို့လိုတယ်။ နောက်မို့ဆို ငြိမ်းချမ်းရေးက ဟိုရောက်မလို၊ ဒီရောက်မလိုနဲ့ ဘယ်မှ မရောက်ဘူး''ဟု UNFC ဒုတိယဥက္ကဋ္ဌ(၂) ပဒိုဒေးဗစ်သာကပေါက ဆိုသည်။

ပြည်တွင်း ငြိမ်းချမ်းရေးဆိုသည်မှာ မြန်မာနိုင်ငံသားအားလုံးနှင့် သက်ဆိုင်သော ကိစ္စဖြစ်ပြီး တိုင်းရင်းသား ကိစ္စအား နေရာတိုင်း၌ ဆွေးနွေးနိုင်လျှင် ပိုမိုကောင်းမွန်ကြောင်းနှင့် တွေ့ဆုံဆွေးနွေးပွဲများသည် အောင်မြင်သော ဒီမိုကရေစီနိုင်ငံနှင့် မအောင်မြင်သော ဒီမိုကရေစီနိုင်ငံအား ကွာခြားသွားစေကြောင်း မြန်မာငြိမ်းချမ်းရေးစင်တာ (MPC) မှ ကိုအောင်နိုင်ဦးက သုံးသပ်ပြောကြားခဲ့သည်။

စစ်မှန်တဲ့ ဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် တိုင်းပြည်တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်း တိုးတက်စေရန်အတွက် ငြိမ်းချမ်းရေး ယူခြင်းဖြစ်ပြီး ကြောက်၍မဟုတ်ကြောင်းနှင့် မည်သည့်သောင်းကျန်းသူကိုမှ မတိုက်နိုင်စရာအကြောင်းမရှိကြောင်း၊ မတိုက်ရဲစရာလည်း မရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၁၃ နိုဝင်ဘာ ၂၉ ရက်နေ့က ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ဆင်ရေးအစည်းအဝေးခန်းမ၌ ပြုလုပ်သည့် အုပ်ချုပ်မှု မွမ်းမံသင်တန်း အမှတ် (၃/၂၀၁၃) သင်တန်းဆင်းပွဲတွင် ပြောကြားခဲ့ကြောင်း True News ဂျာနယ် အတွဲ(၆)၊ အမှတ်(၁၃)တွင် ဖော်ပြထားသည်။

**ဝိုင်းမော်**



ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်ဒိုင်လုပ်သည့်

## ရန်ကုန်ဓာတ်ပုံပွဲတော်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၅**

ပြင်သစ်ယဉ်ကျေးမှုကပြုလုပ်သော ဆဋ္ဌမအကြိမ်မြောက် ရန်ကုန်ဓာတ်ပုံပွဲတော်ကို ဖေဖော်ဝါရီ ၁၅ ရက် ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၃၄၀)၊ ပြည်လမ်းရှိပြင်သစ်ယဉ်ကျေးမှုဌာန မြက်ခင်းပြင်တွင်ကျင်းပပြုလုပ်ရာ တစ်နှစ်တာအကောင်းဆုံးဓာတ်ပုံဓာတ်လမ်းဆု (Best Photo-Essay Award of the Year)ကို ရိုက်တာသတင်းဌာနမှ ကိုစိုးဇေယျာထွန်းက The Flame In Myanmar ဓာတ်ပုံဓာတ်လမ်းဖြင့် ရရှိသည်။

"METTA, THE PATH TO PEACE" (မေတ္တာ၊ ငြိမ်းအေးရာလမ်း) ဟုအမည်ပေးထားသော ယင်းဓာတ်ပုံပြိုင်ပွဲကို မြန်မာဓာတ်ပုံဆရာများ ဝင်ရောက်ယှဉ်ပြိုင်ပြီး အကဲဖြတ်ဒိုင်များအဖြစ် ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်ကာ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီး Mr. Thierry Mathouနှင့် ဇနီး၊ ပြည်ပဓာတ်ပုံပညာရှင်များ ပါဝင်အကဲဖြတ်ပြီး ပြည်တွင်းသတင်းဓာတ်ပုံဆရာများ၊ ဓာတ်ပုံဝါသနာရှင်များ၊ စိတ်ဝင်စားသူများ လာရောက်ကြည့်ရှုသည်။

MH-0014

# အာဏာရှင်ဟောင်း ဦးနေဝင်း၏မြေးများနှင့် ဦးအောင်မင်းခေါင်းဆောင်သော ငြိမ်းချမ်းရေးစင်တာအဖွဲ့ဝင်များ လျှို့ဝှက်စွာ ၂ ကြိမ်တွေ့ဆုံ




**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၉**

အာဏာရှင်ဟောင်း ဦးနေဝင်း၏မြေးများဖြစ်သော ဦးအေးနေဝင်း၊ ဦးကျော်နေဝင်းတို့နှင့် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ခေါင်းဆောင်သော မြန်မာငြိမ်းချမ်းရေးစင်တာအဖွဲ့ဝင်များသည် ယခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီလများအတွင်း မြန်မာငြိမ်းချမ်းရေးစင်တာ၌ လျှို့ဝှက်စွာ တွေ့ဆုံဆွေးနွေးမှု နှစ်ကြိမ် ပြုလုပ်ခဲ့သည်။

အဆိုပါတွေ့ဆုံမှုများကို မြန်မာသံတော်ဆင့်မှ ဦးအေးနေဝင်းအား ဆက်သွယ်မေးမြန်းရာတွင် ၎င်းက ''ကျွန်တော်တို့ မြန်မာငြိမ်းချမ်းရေးစင်တာနဲ့ ပူးပေါင်းပြီး လုပ်ငန်းတွေ လုပ်ကိုင်တာတော့ မရှိပါဘူး။ မြန်မာငြိမ်းချမ်းရေး စင်တာမှာ လုပ်ကိုင်နေတဲ့ သူတွေနဲ့ ပုဂ္ဂိုလ်ရေးရာတော့ ရင်းနှီးမှုရှိပါတယ်။ အဲဒါကြောင့် ပုဂ္ဂိုလ်ရေးရာအရ ရင်းနှီးလို့ဆက်ဆံတာပဲရှိတယ်။ သူတို့ရဲ့ လုပ်ငန်းတွေမှာတော့ လုံးဝပါဝင်ပတ်သက်မှု မရှိဘူး။ အလွတ်သဘောအရ တွေ့ဆုံဆွေးနွေးတာပါ''ဟုပြောသည်။

မြန်မာငြိမ်းချမ်းရေးစင်တာနှင့် တွေ့ဆုံဆွေးနွေးခဲ့သည့် အကြောင်းအရာများကို မြန်မာသံတော်ဆင့်မှာ ထပ်မံမေးမြန်းရာ ''ကျွန်တော်တို့ ဘယ်အဖွဲ့အစည်းတွေနဲ့မဆို တိုင်းပြည်ကောင်းစားရေးလုပ်တဲ့ကိစ္စဆိုရင် ပြောနိုင်ဆိုနိုင် လုပ်ကိုင်နိုင်တဲ့ ကိစ္စဆိုရင် ကူညီပေးစေချင်တယ်။ ကျွန်တော်တို့ရဲ့မူအရ နေရာတစ်ခုယူပြီးတော့ လုပ်ဖို့မရှိဘူး။ ကျွန်တော်တို့နဲ့ တွေ့ဆုံစဉ်က လူကြီးတွေက မပြောပါနဲ့လို့ ပြောထားတော့ ပြောရတာအခက်အခဲဖြစ်နေတယ်။ နိုင်ငံတော်တာဝန်ရှိတဲ့ လူတွေနဲ့တွေ့ဆုံခဲ့တယ်လို့ ပြောချင်တယ်'' ဟု ၎င်းကပြောကြားခဲ့သည်။

ယင်းတွေ့ဆုံဆွေးနွေးမှုများကို မြန်မာငြိမ်းချမ်းရေးစင်တာမှ တာဝန်ရှိသူများက တွေ့ဆုံခြင်းမရှိကြောင်း ငြင်းဆိုထားခဲ့သည်။

မြန်မာသံတော်ဆင့်မှ မြန်မာငြိမ်းချမ်းရေးစင်တာအဖွဲ့ဝင် ဦးအောင်နိုင်ဦးအား ဆက်သွယ်မေးမြန်းရာတွင် ၎င်းက ''တွေ့ဆုံမှုတွေ ကျွန်တော်မသိဘူး။ ဘာမှဆက်သွယ်မှုတွေလည်းမရှိဘူး။ ဒီမှာတော့ ဧည့်သည်တွေက မျိုးစုံလာနေတာလေ။ တရားဝင်ဆက်သွယ်မှုတွေလည်းမရှိပါဘူး။ တခြားသူတွေမေးကြည့်ပါ''ဟု ပြန်လည်ဖြေကြားခဲ့သည်။



ဦးခင်ညွန့်.အင်တာဗျူးစာအုပ်မိတ်ဆက်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သော ဦးအေးနေဝင်းကို တွေ့ရစဉ်

ဦးအေးနေဝင်း၊ ဦးကျော်နေဝင်း၊ ဦးဇွဲနေဝင်းတို့သည် ဖခင်ဖြစ်သူ ဦးအေးဇော်ဝင်းနှင့်အတူ ၂၀၀၂ခုနှစ် စက်တင်ဘာလတွင် နိုင်ငံတော်ပုန်ကန်မှု ပုဒ်မ ၁၂၂(၁) ဖြင့် ထောင်ဒဏ်တစ်သက် သေဒဏ်ချမှတ်ခံရာ ၂၀၁၁ခုနှစ်တွင် တစ်သက်တစ်ကျွန်းသို့ ပြောင်းလဲချမှတ်ခံပြီး ၂၀၁၂ခုနှစ် ဇန်နဝါရီ ၁၃ရက်နေ့တွင် ဖခင် ဦးအေးဇော်ဝင်းနှင့် ဦးဇွဲနေဝင်းတို့ လွတ်ငြိမ်းချမ်းသာခွင့်ရရှိခဲ့သည်။ ထပ်မံ၍ ၂၀၁၃ခုနှစ် နိုဝင်ဘာ ၁၅ရက်နေ့တွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်၏လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ဦးအေးနေဝင်းနှင့် ဦးကျော်နေဝင်းတို့ လွတ်မြောက်လာခဲ့သည်။

**ကျော်စိုးဦး**

# အမျိုးသမီးရေးဆွေးနွေးသော်လည်း အစိုးရနှင့် NGO အကောင်အထည်ဖော်မှုမရှိ

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၉**

အမျိုးသမီးအခွင့်အရေးနှင့် ပတ်သက်၍ပညာပေးပွဲများ၊ ဆွေးနွေးပွဲများ ပြုလုပ်လျက်ရှိသော်လည်း၎င်းဆွေးနွေးပွဲများဦးဆောင်ပြုလုပ်သူများဖြစ်သည့် အစိုးရနှင့် NGO အဖွဲ့အစည်းများမှ တာဝန်ယူလုပ်ဆောင်ပေးမှု မရှိကြောင်း ဖေဖော်ဝါရီ ၁၇ ရက်တွင် အမျိုးသမီးများအရေး လှုပ်ရှားဆောင်ရွက်သူ ဒေါ်စုစုလှိုင်က မြန်မာသံတော်ဆင့်သို့ပြောသည်။

မြန်မာနိုင်ငံ၏လူဦးရေ ၁၀၀ ရာခိုင်နှုန်းတွင် ၅၁ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်သည့်အတွက် အမျိုးသမီးကဏ္ဍမြှင့်တင်ရာတွင် အကောင်အထည်ဖော်မှုအားနည်းခြင်းအပေါ်ဒေါ်စုစုလှိုင်က ''အမျိုးသမီးနဲ့ပတ်သက်တဲ့ ဆွေးနွေးပွဲတွေလုပ်ပေမယ့်လည်း ဒီပွဲပြီးရင်ပြီးသွားတာပဲ။ ဘယ်သူမှ Follow up မလုပ်ကြဘူး။ အစိုးရရော NGO ရောပေါ့။ ဒီပွဲလေးပြီးသွားရင် တာဝန်ယူမှုပြီးသွားပြီ ဆိုတဲ့သဘောပဲရှိတော့တယ်။ ချလိုက်တဲ့ အစည်းအဝေးဆုံးဖြတ်ချက်တွေကို ဘယ်သူတွေကလုပ်မှာလဲ။ ဒီလို Process တွေခုနောက်ပိုင်းမရှိတော့ဘူး။ အဲဒီတော့ ပိုက်ဆံတွေသာ ကုန်သွားတယ်။ဘာမှဖြစ်ဖြစ်မြောက်မြောက် မရှိဘူးပေါ့''ဟု ပြောသည်။

အမျိုးသမီးအများစုသည် ၎င်းတို့၏ အခွင့်အရေးများကို ရရှိရန် တောင်းဆိုလျက်ရှိသော်လည်း အမျိုးသမီးများ၏ လုံခြုံမှုနှင့်ရပိုင်ခွင့်များသည် တစ်ဦးချင်း၏ ကိုယ်ရည်ကိုယ်သွေးကိုသာ မြှင့်တင်ရန်လိုအပ်သည့်အတွက် အမျိုးသမီးဘဝမြှင့်တင်ရေးဟောပြောပွဲ ဆွေးနွေးပွဲများကိုပြုလုပ်ခဲ့ပြီး sex worker များသည် လူ့အခွင့်အရေးချိုးဖောက်ခံရမှု ပိုမိုများပြားသည့်အတွက် ၎င်းတို့နှင့်သက်ဆိုင်သော ဆွေးနွေးပွဲများ၊ တွေ့ဆုံပွဲများကို အစိုးရတာဝန်ရှိသူများနှင့် အရပ်ဘက်အမျိုးသမီးများက စုပေါင်းပြုလုပ်ခဲ့ကြသည်။

အစိုးရ၏ အမျိုးသမီးထုများအားလုပ်ဆောင်ပေးမှုအပေါ် ဒေါက်တာအောင်ထွန်းသက်က '' အမျိုးသမီးထုကို နှောင့်ယှက်တဲ့ ဥပဒေတွေကို နိုင်ငံတော်အစိုးရအနေနဲ့ အသိအမှတ်ပြုပြီး စာချုပ်တွေဘာတွေလက်မှတ်ထိုးပြီးပြီလေ၊ ထဲထဲဝင်ဝင် လုပ်တယ်မလုပ်ဘူးဆိုတာတော့ တစ်ယောက်ချင်းရဲ့ သဘောထားဖြစ်မှာလေ။ လူ့အခွင့်အရေးမှာ အမျိုးသမီးထုရဲ့ အခွင့်အရေး အရေးကြီးတယ်ဆိုတာ လက်ခံတယ်။ အမျိုးသမီးတွေကို ဦးစားပေးရမယ်ဆိုတာ လူတိုင်းသိတယ်။ လက်ခံတယ်။ သူတို့အားမရတာတော့နားလည်ပါတယ်။ ပိုလုပ်သင့်တယ်ဆိုတာလည်း လက်ခံပါတယ်။ အစိုးရဘက်က အားနည်းတယ်လို့တော့ ပြောလို့မရဘူးပေါ့''ဟု ပြောသည်။

အဆိုပါ ဆွေးနွေးပွဲအသီးသီးမှ ထွက်ရှိလာသည့် ရလဒ်များနှင့်ထုတ်ပြန်ချက်များကို ပွဲစီစဉ်သူ အစိုးရတာဝန်ရှိသူများနှင့် NGO အဖွဲ့အစည်းများက အကောင်အထည်ဖော်မှုမရှိသည့်အတွက် မည်သည့်အကျိုးတစ်စုံတစ်ရာမှ ဖြစ်မလာသေးကြောင်း အမျိုးသမီးအဖွဲ့အစည်းဝင်များက ဝေဖန်လျက်ရှိသည်။

**သဉ္ဇာဆွေ**

မြန်မာသံတော်ဆင့်
THE MYANMAR HERALD
အတွဲ-၂၊ အမှတ် ( ၅၀ )၊ ဖေဖော်ဝါရီ ၂၂ - ၂၈ ၊ ၂၀၁၄ ခုနှစ်



# ပြည်သူပိုက်ဆံ ၁၁ ဘီလီယံ ဘယ်လဲ

မောင်မြား

**မြန်မာပြည်သူတွေ၏ ဥစ္စာရင်းပိုင်**
**၁၁ ဘီလီယံ မြန်မာနိုင်ငံမူလပိုင်ရှင်ထံ**
**ပြန်လည်ရောက်ရှိရေး**
**ပြည်တွင်းအရပ်ဘက်ဆိုင်ရာ**
**အဖွဲ့အစည်းများ၊ ပြည်ပအဖွဲ့အစည်းများ၊**
**နိုင်ငံရေးပါတီများ၊ မီဒီယာများနှင့်**
**ပြည်သူလူထုများအတူပူးပေါင်း**
**ဆောင်ရွက်ရန် အထူးလိုအပ်ပေသည် . . .**

မြန်မာလူမျိုးများသည် မည်သည့် လူမျိုးများနှင့်မှ မတူအောင်သည်းခံ ခွင့်လွှတ်တတ်ကြသည်။ သည်းခံခွင့်လွှတ်ခဲ့ကြသည်။ ဘယ်လူမျိုးများနှင့်မတူအောင် မေ့မေ့ပျောက်ပျောက် နေတတ်သကဲ့သို့ ပွဲပြီး မီးသေလည်း နေတတ်ပြန်သည်။ ကောက်ရိုးမီးတွေပါဟု အချင်းချင်း ဝေဖန်မှုတွေလည်း ရှိနေသည်။ မည်သို့ဆိုစေကာမူ သည်းခံမှု ရေချိန်အတိုင်း အတာကုန်သည့်တစ်နေ့တွင် သေနတ်နှင့် ချိန်ထားသည့်ကြားမှ ဓားနှင့် တက်ခုတ်ဝံ့သည့် သတ္တိမျိုး။ စက်သေနတ်တွေကို မမှုသည့် ကျည်ပြီးရင်ဘတ်မျိုး နယ်ချဲ့စစ်ပွဲများတစ်လျှောက်တွင်၊ အာဏာရှင်များ ဖိနှိပ်သည့် အနိုင်ကျင့် ရက်စက်ပွဲများတွင် ကြုံတွေ့ခဲ့ရဖူးပြီးဖြစ်သည်။

နောင်အစိုးရလက်ထက်မှာ ဆက်လက်ဖြေရှင်းရဦးမည့် စာရင်းခေါင်းစဉ် ၅ ခုနှင့် အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံကိစ္စသည် ယခုတော့ နှစ်ဟောင်းမှာပဲ အန္တရာယ်ကင်းစွာထားရစ်ခဲ့ပြီလား။ ၂၀၁၃ ခုနှစ်ကုန်ခါနီး ကာလတစ်လျှောက် ပြည်သူတွေ အထူးစိတ်ဝင်တစား သိလိုမှုဆန္ဒနှင့်အတူ ကျယ်ကျယ်လောင်လောင်အသံတွေထွက်လာခဲ့သည့် ဖော်ပြပါစာရင်းခေါင်းစဉ် ၅ ခုနှင့် အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံကိစ္စသည် ယင်းကာလနောက်ပိုင်း မည်သည့်အသံမျှမကြားရတော့ချေ။

ယင်းအကြောင်းအရာနှင့်ပတ်သက်ပြီး ပုဂ္ဂလိက မီဒီယာများတွင် ဖော်ပြချက်များကို ပြန်လည် ချိတ်ဆက်ရမည်ဖြစ်သည်။ ဆင်းရဲမွဲတေမှု တရိပ်ရိပ်တက်နေသည့် နှုန်းကို ဟန့်တားနိုင်မှု မပြုနိုင်သေးချိန် အများပြည်သူများအတွက် စား၊ ဝတ်၊ နေရေးနှင့် ပညာရေး၊ ကျန်းမာရေးတို့အတွက် ကယ်သူကို မျှော်နေရချိန် အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံကို စာရင်းခေါင်းစဉ် ၅ ခုဖြင့် နိုင်ငံတကာဘဏ်အသီးသီးတွင် မြန်မာနိုင်ငံက တရားမဝင် အပ်နှံထားသည်ဆိုသည့် သတင်းဆိုးသည် ကမ္ဘာသိဖြစ်သွားခဲ့သည်။ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့က နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းများ၏ လုပ်ဆောင်မှုများကို စောင့်ကြည့်သည့် BIC (Bank Information Center) မှ အာရှရေးရာ မန်နေဂျာ Mr. Jelson Garcia က မြန်မာနိုင်ငံမှ ပြည်ပတွင် အပ်နှံထားသော နိုင်ငံခြားငွေစာရင်း ၅ ခုရှိပြီး အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံရှိသည်ဆိုသည့်သတင်းဖြင့် စနက်တံဖြုတ်လိုက်သည်။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် တစ်စုံတစ်ရာသော အတိုင်းအတာအထိ ဖြစ်ထွန်းနိုင်သည့် ယင်းငွေပမာဏကို လက်ရှိအစိုးရ အနေဖြင့် တိကျစွာ စစ်ဆေးဖော်ထုတ်ပေးရန် ပြည်သူများလိုလားကြသည်။ ယင်းကိစ္စနှင့်ပတ်သက်ပြီး အထင်အရှားရှိနေဆဲ သက်သေထွက်ချက်ဟု ယေဘုယျ ယူဆနိုင်သည့် ရလဒ်တစ်ခုကား ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်က The Daily Eleven သတင်းစာသို့ Mr. Jelson Garcia က အီးမေးလ်ပေးပို့ရာတွင်လည်း မြန်မာနိုင်ငံက ပြည်ပတွင် ငွေစာရင်း ၅ ခု၊ အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံ အပ်နှံထားသည်ဆိုသောသတင်းမှာ ၎င်းအနေဖြင့် ၂၀၁၂ ခုနှစ်၊ မတ်လနှင့် ဧပြီလအတွင်း ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သော အစည်းအဝေးမှ ရရှိသည့်သတင်းအချက်အလက်ပေါ်မူတည်၍ ရှင်းလင်းပြောကြားခြင်းဟု ဖော်ပြထားပြီး ၁၁ ဘီလီယံ မရှိကြောင်း။ အကောင့် ၅ ခုနှင့် ၁၁ ဘီလီယံမှာ မဟုတ်ကြောင်း တစ်လုံးတစ်ပါဒမျှ ငြင်းဆိုသွားခဲ့ခြင်း မရှိသည့်အချက်ပဲ ဖြစ်သည်။

၂၀၁၂ ခုနှစ်အတွင်း The Hindu Times သတင်းစာတွင် ဆွစ်ဘဏ်များက ထုတ်ပြန်သော သတင်းအချက်အလက်နှင့် ကိန်းဂဏန်းများအရ ဆွစ်ဘဏ်များတွင် ဝှက်ထားသောအိန္ဒိယအစိုးရ၏တရားမဝင် မှောင်ခိုငွေမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ထရီလီယံရှိသည်၊ ရုရှားနိုင်ငံက ဘီလီယံ ၄၇၀၊ UK နိုင်ငံက ဘီလီယံ ၃၉၀၊ ယူကရိန်းနိုင်ငံက ဘီလီယံ ၁၀၀ နှင့် တရုတ်နိုင်ငံက ၉၆ ဘီလီယံအသီးသီး ရှိကြသည်ဟု ဆိုသည်။

တရားမဝင် မှောင်ခိုငွေပမာဏ အများအပြား ပိုင်ဆိုင်ပြီး ထိပ်တန်းနိုင်ငံစာရင်းဝင် အဆိုးကျော်ဇော်နေသည့် ကာယကံရှင် မည်သည့်နိုင်ငံမဆိုမှာ ပြည်သူများသည် ယင်းကိစ္စနှင့်ပတ်သက်ပြီး စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲနှင့် အခက်ကြီးကြုံတွေ့နေကြရမည်မှာ သေချာလှသည်။ နိုင်ငံနှင့် အများပြည်သူ ပိုင်ဆိုင်သည့် ယင်းငွေအမြောက်အမြားကို အဂတိလိုက်စားသူများက ယင်းတို့၏ ပုဂ္ဂလိက ငွေကြေးခေါင်းစဉ်များနှင့် တရားမဝင် အပ်နှံထားကြသည်။ ယင်းသို့ အပ်နှံထားသည့် တရားမဝင် မှောင်ခိုငွေများသည် အဆိုပါတိုင်းပြည်များ၏ ပြည်ပ ကြွေးမြီများထက် ၁၃ ဆ များသည်ဟု ဆိုသည်။

မြန်မာနိုင်ငံက တရားမဝင် အပ်နှံထားသည့် အမေရိကန် ဒေါ်လာ ၁၁ ဘီလီယံဆိုသည်မှာ နိုင်ငံ၏ ပို့ကုန် သဘာဝဓာတ်ငွေ့ကို ၄ နှစ်ဆက်တိုက် ပြည်ပသို့ တင်ပို့ရောင်းချရမည့် ငွေပမာဏ (သို့မဟုတ်) မြန်မာ့ကျွန်းသစ်တန်ချိန် ၁၂ သန်းကျော် ပြည်ပတင်ပို့ ရောင်းချရမည့် ငွေကြေးပမာဏဖြစ်နေရာ ပြည်သူများအတွက် မိမိတို့နိုင်ငံ၏ မြေပေါ်မြေအောက် သယံဇာတများ ရောင်းချပြီး ရယူထားသည့် ငွေများ ဟုတ်၊ မဟုတ် ဖော်ထုတ်ရှင်းလင်းရန် ပြည်သူလူထုက လိုလားနေဆဲဖြစ်သည်။ သို့ရာတွင် အစိုးရ တာဝန်ရှိသူများက မူလ စိစစ်ဖော်ထုတ် ရမည့် အစား ခုတ်ရာတလွဲ၊ ရှရာတခြား ဖြေကြားမှုများ၊ ဆင်သေကို ဆိတ်သားရေနှင့် ဖုံးသည့် စကားတန်ဆာများ၊ ရေငုံနှုတ်ပိတ်နည်းလမ်းများဖြင့် ပြည်သူများ၏ ဆန္ဒကို ဖုံးအုပ်ရန် ကြိုးပမ်းခဲ့ကြသည်ဟု ဝေဖန်ပြောဆိုမှုတွေ ရှိနေသည်။ ပြည်သူတွေ မကျေနပ်မှု များစွာထဲမှ မကျေနပ်မှု အကြီးကြီးတစ်ခုအဖြစ် သုံးသပ်နေကြသည်။

သက်ဆိုင်ရာ တာဝန်ရှိသူတွေက မည်သို့မျှ အရေးယူတုံ့ပြန်ဆောင်ရွက်ခြင်း မပြုသည့်အခါ စကားလုံးတစ်လုံးတည်းနှင့် ပေါင်းရုံးသုံးသပ်နိုင်မည့် အဆိုတစ်ရပ်ရှိပါသည်။ အကြောင်းပြချက်နှင့် အမှန်တရားကို သက်သေပြနိုင်သည့် သီအိုရီလည်း ဖြစ်တန်ရာသည်။ Silence Implies Consent "ဆိတ်ဆိတ်နေ ဝန်ခံခြင်း"ဆိုသည့်အချက်ပဲဖြစ်သည်။ သက်ဆိုင်ရာ တာဝန်ရှိသူများက ပေယျာလကန် ပြုခဲ့လေသလား။ မတော်တဆ မြင်လား။ မသိကျိုးကျွန်လား။ ယင်းကြောင့်ပင် လူသိရှင်ကြား အုတ်အော်သောင်းတင်း ဖြစ်စေသည့် မီဒီယာများ၏ ထုတ်ဖော်ပြောဆိုချက်များကြောင့်လည်း သိသာ မြင်သာသည့် နှုတ်ဆိတ်နေခြင်း (noticeable Silence)သည် တိုင်းပြည်၏ ဂုဏ်သိက္ခာကို ကျဆင်းစေပြီး ယင်းတို့သည်လည်း ယင်းတို့၏ ပြစ်မှုအတွက် အပြစ်ရှိကြောင်း ဝန်ခံရာကြသည်ဟု သတင်းမီဒီယာတွေက သုံးသပ်ကြသည်။

မည်သည့်သတင်းစာကမျှ ၁၁ ဘီလီယံမှာ အစိုးရအပ်ထားပါသည်လို့ ရေးသားခဲ့ခြင်းမရှိ၊ မည်သူအပ်သည်ဖြစ်စေ စိစစ်ပေးရမည်မှာ အစိုးရ၏ တာဝန်သာဖြစ်သည်။ ပြည်သူတွေ၏ ဆန္ဒဖြစ်သည့် နိုင်ငံ တကာဘဏ်များတွင် မှောင်ခိုထားရှိသည့် ဘဏ်စာရင်းများကို ဖော်ထုတ်ရှင်းလင်းရန် ရှိ၊ မရှိနှင့်ပတ်သက်ပြီး စက်တင်ဘာလ ၂၀ ရက်နေပြည်တော်မှာ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် မီဒီယာများ၏ မေးမြန်းချက်အပေါ် နိုင်ငံတော်သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ အပါအဝင် အစိုးရတာဝန်ရှိသူတစ်ဖွဲ့လုံး မည်သူမျှ ပြန်လည်ဖြေကြားခြင်း မပြုဘဲ ရေငုံနှုတ်ပိတ်ပြီး မေးခွန်းများကို အဆုံးသတ်စေခဲ့သည်။ ယင်းအခြင်းအရာများသည် Silence imprlies consent, deafening Silence နှင့် noticeable silence စသည်တို့နှင့်တစ်ထပ်တည်းကျနေပေသည်။

အိန္ဒိယနိုင်ငံသည် ဆွစ်ဘဏ်များတွင် ယခုကဲ့သို့ မှောင်ခိုအပ်နှံထားသည့် ငွေစာရင်းတွင် ငွေကြေးပမာဏ ၁ဒသမ ၄ထရီလီယံရှိသည်ဖြစ်ရာ ယင်းကိစ္စနှင့် ပတ်သက်ပြီး ဖြေရှင်းနေရသည့် အတွက် အိန္ဒိယနိုင်ငံ၏ ဖြစ်စဉ်နှင့်သာဓကများကို လေ့လာကြည့်ဖို့လိုပေသည်။

၂၀၀၉ခုနှစ် Lik Sabha ရွေးကောက်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်စဉ်က BJP ပါတီခေါင်းဆောင် L.K.Adiani က သူ ရွေးကောက်ပွဲ မဲအနိုင်ရလျှင် ဆွစ်ဘဏ်တွေမှာ တရားမဝင်အပ်နှံထားသည့် အိန္ဒိယ ပြည်သူတွေပိုင် ခန့်မှန်းခြေငွေကြေး ၁ဒသမ၄ထရီလီယံ ဒေါ်လာကို ရအောင်ပြန်ယူပေးမည်ဖြစ်ကြောင်း မဲဆွယ်ကတိကဝတ်ပြုခဲ့သည်။ Sonia ၏ ကွန်ဂရက်ပါတီက ဤမှုများပြားသည့် ငွေကြေးပမာဏမရှိကြောင်း ငြင်းခဲ့သည်။

သို့ရာတွင် အိန္ဒိယပိုင် ငွေကြေးများ ပြန်လည်ရရှိရေးပြည်သူတွေ၏ တောင်းဆိုမှုများ ဟိုကွက်ကျား၊ ဒီကွက်ကျားကနေ စုစည်းလာပြီး အရှိန်အဟုန် Gathering momentum ဖြစ်လာသည့်အခါ manmohan Singh နှင့် Somi Gundhi တို့က နာမည်ပျက်သိက္ခာကျသွားသည့် သူတို့၏ နာမည်၊ သူတို့၏ပါတီနှင့်သူတို့ အစိုးရအဖွဲ့၏ ဂုဏ်သိက္ခာကို ဆယ်ယူသည့်အနေဖြင့် ပြည်ပတွင်ဝှက်ထားသည့် တရားမဝင်ငွေများကို ပြန်ယူပေးပါမည်ဟု ကတိပေးခဲ့သည်။

ယင်းပြဿနာတွင် အခရာကျ သည့် အဖွဲ့တစ်ဖွဲ့ရှိသည်။ ကမ္ဘာလုံးဆိုင်ရာ သမာဓိငွေကြေးအဖွဲ့ (Globak Financial Integrity -GFI)ဖြစ်သည်။ ယင်းအဖွဲ့သည် တရားမဝင်ငွေကြေးအဖွဲ့အစည်းများကို မထောက်ခံဘဲ သမာသမတ်ကျကျ ဆောင်ရွက်ပေးနေသည့် အမြတ်အစွန်းမယူသည့်အဖွဲ့အစည်းတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံ ၁၁ ဘီလီယံ ဥစ္စာရင်းမှန်ပြန်လည်ရရှိရေး GFI အကူအညီလိုအပ်ကောင်း လိုအပ်ပေလိမ့်မည်။

ထည့်သွင်းစဉ်းစားရမည့် နောက်တစ်ချက်ရှိပါသည်။ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ခပ်စောစောပိုင်းက Lichtenstein နိုင်ငံဘဏ်မှာ ပြည်ပနိုင်ငံအသီးသီးမှ လူများ တရားမဝင်ငွေကြေးအပ်နှံထားသည့် ကိစ္စနှင့်ပတ်သက်ပြီး ဂျာမဏီနိုင်ငံ အာဏာပိုင်များက သတင်းကောက်ယူစုဆောင်းလျက်ရှိသည့် သက်ဆိုင်ရာ နိုင်ငံများအနေဖြင့် မိမိနိုင်ငံမှာ ယခုကဲ့သို့ တရားမဝင်ငွေကြေးအပ်နှံသူများ စာရင်းကို စိတ်ဝင်စားလို့သိချင်တယ်ဆိုလျှင် အဲဒီဘဏ်တွင် စာရင်းပေါက်နေသူများ၏ အမည်စာရင်းကို အသိပေးမည်ဖြစ်ကြောင်း ဂျာမဏီဘဏ္ဍာရေးဝန်ကြီးက ကမ်းလှမ်းခဲ့သည်။ သတင်းမီဒီယာများရဲ့ ဖော်ပြချက်အရဆိုလျှင် Lichtenstein ဘဏ်တွင် တရားမဝင် စာရင်းပေါက်နေသည့် အိန္ဒိယလူမျိုး ၂၅၀ခန့်ရှိနေသည်ဟု ဆိုသည်။ အစဉ်အလာအရဆိုလျှင် Lichtensteinဘဏ်သည် လျှို့ဝှက်ငွေကြေး စာရင်းဖွင့်ထားသည့် မည်သည့်လူပုဂ္ဂိုလ်၏ စာရင်းကိုမှ ဖွင့်ပြောလေ့မရှိပါဘူး။ Tax treaty ဟုခေါ်ပါသည်။

ဂျာမဏီနိုင်ငံခြားရေးဝန်ကြီး၏ ကမ်းလှမ်းမှုနှင့် အရပ်ရပ်၏ ဖိအားများနှင့်အတူ ဘဏ်စာရင်းဖွင့်ထားသည့် လျှို့ဝှက်အမည်များတောင်းဆိုမှု ရေချိန်တက်လာတော့သည်။ Tax treaty သဘောတူညီမှုအောက်တွင် သတင်းအချက်အလက်များကို လျှို့ဝှက်ထားရသည်။ ပွင့်လင်းမြင်သာစွာ ရရှိသောသတင်းများကိုမှ အများပြည်သူတို့ ထုတ်ဖော်ပြောပြနိုင်သည်။ သို့ရာတွင် အိန္ဒိယအစိုးရအနေဖြင့် ပြည်ပနိုင်ငံဘဏ်အသီးသီးတွင် ငွေစာရင်းဖွင့်ထားသည့် အိန္ဒိယလူမျိုးများ၏ အမည်စာရင်းကို ဖော်ထုတ်ဆိုခြင်းမရှိချေ။ အဲဒီကိစ္စအတွက် မီဒီယာများကောက်ချက်ကတော့ Some big names in the ruling circles are reportedly involved ပဲဖြစ်သည်။ ယင်းအချက်ကို ပိုမိုခိုင်မာစေသည့် နောက်ထပ် သာဓကတစ်ခုရှိပါသေးသည်။ အိန္ဒိယနိုင်ငံ Pune ဒေသမှ မြင်းခြံပိုင်ရှင် မြင်းမွေးသူ Hasan Ali ဆိုသူ၏ အမှုပဲဖြစ်သည်။ Hasan Ali ဟာ ဆွစ်ဘဏ်မှာ တရားမဝင်မှောင်ခိုငွေ ရူပီး ၁ဒသမ၅ Lakh-Crore (ကုဋေ-၁ဒသမ၅ သိန်း)ကျော်ရှိကြောင်း စစ်ဆေးတွေ့ရှိရသည့်အတွက်အိန္ဒိယအစိုးရ အမြတ်ခွန်ဌာနက သူ့ကို ရူပီး ၇၁၈၄၈ crore အမြတ်ခွန်စည်းကြပ်ခဲ့သည်။ ယင်းအမှုယခုအခါ ပိတ်သွားပြီဖြစ်သည်။ ဆွစ်ဇာလန်အစိုးရထံသို့ ပေးပို့သော မေတ္တာရပ်ခံတောင်းဆိုချက်တွေကြောင့် ဖြစ်သည်ဟုဆိုသည်။ Hasan ၏ အမှုတွင်လက်ရှိ အာဏာရ အသိုင်းအဝိုင်းမှ အထင်ကရ ပုဂ္ဂိုလ်အချို့ ပါဝင်ပတ်သက်နေသောကြောင့် ဖြစ်သည်ဟုဆိုသည်။ ယင်းအချက်အလက်တွေကို ကောက်ချက်ဆွဲသည့်အခါ အစိုးရက အဂတိလိုက်စားမှုတွင် တိုက်ရိုက်ပတ်သက်နေမှုများရှိနေ၍ပင်ဖြစ်သည်။ ယင်းရဲ့ အကျိုးဆက်ကတော့ Sonia gandhi မိသားစု၏ ဆွစ်ဘဏ်များတွင် တရားမဝင် လျှို့ဝှက်အပ်နှံထားသည့် ငွေကြေးအပါအဝင် အိန္ဒိယနိုင်ငံမှ တရားမဝင် ဆုတ်ခွာသွားသည့် ငွေကြေးပမာဏ အမေရိကန်ဒေါ်လာ ၄၆၂ဘီလီယံအတွက် ယနေ့အထိ လွတ်လပ်သော စုံစမ်းမှုများ မပြုလုပ်နိုင်သေးပေ။

လက်ရှိအစိုးရအနေဖြင့် မည်သို့ပင် ဖုံးအုပ်ကာကွယ်သည်ဖြစ်စေ၊ ဖော်ထုတ်စိစစ်ပေးရန်အတွက် ဆန္ဒမရှိသည်ဖြစ်စေ အများပြည်သူကမူ ယနေ့အထိ မမေ့မလျော့မပေါ့ဖို့လိုသည်။ စည်းလုံးညီညွတ်စွာ ပူးပေါင်းရပ်တည်ကြဖို့လိုသည်။ အရပ်ဘက်အဖွဲ့အစည်းများ၊ စတုတ္ထမဏ္ဍိုင်စာနယ်ဇင်းမီဒီယာများသည် ပြည်သူ့ဘက်က ရပ်တည်ကြဖို့လိုသည်။ ၁၁ ဘီလီယံသည် ပြည်သူတွေ ဆင်းရဲမွဲတေမှုမှ ကျွတ်လွတ်ရေးအတွက် တစ်စုံတစ်ရာဖြစ်သည်။

ပြည်ပဘဏ်တစ်ခုခုတွင် တရားမဝင် ဝှက်ထားသော အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံသည် အစိုးရပိုင်းဆိုင်ရာ အဂတိလိုက်စားမှု (Governmental Corruption) ဖြစ်သည်။

စာမျက်နှာ ၃၀ သို့

မြန်မာသံတော်ဆင့် THE MYANMAR HERALD
အတွဲ-၂၊ အမှတ် (၅၀)၊ ဖေဖော်ဝါရီ ၂၂ – ၂၈၊ ၂၀၁၄ ခုနှစ်



# အစမကောင်းလို့ အနှောင်းမသေချာနိုင်ဖြစ်တော့မယ့် သန်းခေါင်စာရင်း ကောက်ယူရေး

## လာကပေါ် နှင့် အောင်ကျော် ဆွေးနွေးခန်း (၅၁)

စည်သူအောင်မြင့်

**အဓိက ပြဿနာကတော့ လက်ရှိအစိုးရဆိုတာဟာ ပြည်သူတွေက ရွေးချယ်တင်မြှောက်ထားတဲ့ အစိုးရစစ်စစ်မဟုတ်တဲ့ အချက်ပဲ နောက်တိုင်းရင်းသားတွေနဲ့လည်း ယုံကြည်မှုပြည့်ပြည့်ဝဝ မတည်ဆောက်နိုင်သေးဘူးဆိုတော့ သူဘာလုပ်လုပ် မယုံကြည်နိုင်ဘူးဆိုတဲ့ ဇာတ်လမ်း ဖြစ်နေတာပဲ . . .**

လာကပေါ် – ကိုအောင်ကျော်၊ တိုင်းပြည်အတွက် အရမ်းအရေးကြီးတဲ့ငြိမ်းချမ်းရေးတည်ဆောက်ရေးစကားသံတွေလည်း နည်းနည်း လျော့သွားပြီနော်။

အောင်ကျော် – အင်း။

လာကပေါ် – အခု အဲလိုပဲ တိုင်းပြည်အတွက် အရေးကြီးတဲ့ သန်းခေါင်စာရင်းကောက်ယူရေး ပြဿနာတွေပေါ် ဘာတွေ ဖြစ်လာနိုင်မလဲ မသိဘူးနော်။

အောင်ကျော် – အင်း။

လာကပေါ် – စကားကောင်းကောင်း ပြောစမ်းပါဗျ။ စိတ်ပျက်လက်ပျက် လေသံမျိုးတွေ မလုပ်စမ်းပါနဲ့။ ဒါ ကျွန်တော်တို့ ဘဝတွေပဲလေဗျာ။ စိတ်ပျက်နေရုံနဲ့ တိုင်းပြည်ကောင်းလာတာမှ မဟုတ်ဘဲ။ ခင်ဗျားတို့ ကျွန်တော်တို့ ဘဝတွေကောင်းလာတာမှ မဟုတ်ဘဲ။

အောင်ကျော် – အင်း။

လာကပေါ် – ခင်ဗျားအဲလို လုပ်နေရင် ကျွန်တော်တို့ ဆက်ဆွေးနွေးရမလား၊ မဆွေးနွေးရတော့ဘူးလား။

အောင်ကျော် – မလုပ်ပါနဲ့ဗျာ။ ဆွေးနွေးရအောင်ပါ။ တိုင်းရေးပြည်ရေး တိုးတက်မှု အားမရတာကတော့ အမှန်ပါ။ ပြောချင်တာတွေတော့ အများကြီးပဲပေါ့ဗျာ။

လာကပေါ် – အများကြီးထားလိုက်ပါဗျာ။ သန်းခေါင်စာရင်းကိစ္စ ပြောရအောင်။ ပြီးခဲ့တဲ့ရက်ပိုင်းက ထွက်ခဲ့တဲ့ တိုင်းရင်းသား အန်ဂျီအို အဖွဲ့အစည်းတွေရဲ့ ကြေညာချက် ခင်ဗျား သိရဲ့ မဟုတ်လား။

အောင်ကျော် – သိပါတယ်ဗျ။ အခု သန်းခေါင်စာရင်း ကောက်တဲ့ဆီမှာ တိုင်းရင်းသား (၁၃၅) မျိုးကို အခြေခံထားတယ်။ အဲဒီ စာရင်းမှာ ထပ်နေတာကထပ်၊ တချို့ လူမျိုး မဟုတ်ဘဲ ဒေသ အခေါ်အဝေါ်တွေ ပါတာပါ။ တချို့ မှားနေတာတွေကမှား။ တချို့ တကယ်ရှိတဲ့ လူမျိုးစု နာမည်တွေ ကျန်လိုကျန် ဖြစ်နေတယ်။ ဒီအတိုင်းသွားရင် စာရင်းအမှန်ရမှာ မဟုတ်ဘူး။ အဲတော့ သန်းခေါင်စာရင်း ကောက်မယ့် အချိန် နောက်ဆုတ်ပေးပါ။ တိုင်းရင်းသားတွေနဲ့ ညှိပါလို့ ဆိုတာ မဟုတ်လား။

လာကပေါ် – ဟုတ်တယ်လေ။ အဲဒါ ဘာဖြစ်လာနိုင်မလဲ၊ ခင်ဗျားနဲ့ ဆွေးနွေးချင်လို့ပါ။

အောင်ကျော် – သန်းခေါင်စာရင်းနဲ့ ပတ်သက်ရင် အကြိုစာရင်းကောက်တာကို လာမယ့် မတ်လထဲမှာ စပြီးကောက်တော့မှာ။ နောက် တိုင်းရင်းသား လူမျိုးကုဒ်နံပါတ်တွေ၊ ဖြည့်ရမယ့် ပုံစံ စာရွက်တွေ ဆိုတာကလည်း အားလုံး ပြင်ဆင်ပြီးနေပြီ၊ ဆိုတော့ အစိုးရဘက်က နောက်ဆုတ်ဖို့ ဖြစ်နိုင်မလား။ မဖြစ်နိုင်ဘူးလား၊ ကျွန်တော်တော့ မသိဘူး။

လာကပေါ် – ဆိုတော့။

အောင်ကျော် – ကျွန်တော်က နောက်ထပ် စိုးရိမ်တာ တစ်ခု ရှိသေးတယ်။ အဲဒါ တိုင်းရင်းသားတွေဘက်က ထုတ်မပြောသေးတာ။ သန်းခေါင်စာရင်းကောက်ရင် လက်နက်ကိုင် တပ်ဖွဲ့ဝင်စာရင်းဆိုတာလည်း ပေါ်လာမှာ။ အဲဒါမျိုး တိုင်းရင်းသားတွေက ကြိုက်မကြိုက်။ အကြောင်းကတော့ အခုအချိန် အစိုးရနဲ့ လက်နက်ကိုင် တိုင်းရင်းသားတွေက တစ်ဖက်နဲ့ တစ်ဖက် သိပ်ယုံကြည်ကြသေးတာ မဟုတ်တော့၊ အဲဒါစဉ်းစားရခက်နေတယ်။

လာကပေါ် – တကယ်ဆို သန်းခေါင်စာရင်းဆိုတာ ဘယ်လူမျိုးပဲဖြစ်စေ၊ တိုင်းပြည်အတွက် အတော်အရေးကြီးတယ် မဟုတ်လားဗျာ။

အောင်ကျော် – မှန်တာပေါ့။ ကျွန်တော်တို့ တိုင်းပြည်ကတော့ စစ်အာဏာရှင်တွေ လက်အောက်ရောက်ပြီး ဖြစ်ချင်တာဖြစ်ခဲ့တော့ သန်းခေါင်စာရင်း ဆိုတာလည်း မရှိ၊ ကိုယ့်တိုင်းပြည် လူဦးရေ ဘယ်လောက် ရှိနေပြီလဲ ဆိုတာကိုတောင် ကိုယ့်ဘာသာကိုယ် မသိကြတဲ့ ဘဝ။

လာကပေါ် – အေးလေ၊ အဲဒါတော့ ကျွန်တော် နားလည်ပါတယ်။

အောင်ကျော် – ဆိုတော့ မူအားဖြင့် ကြည့်ရင်တော့ သန်းခေါင်စာရင်း ကောက်ယူရေးကိစ္စ အားပေးရမယ့် ကိစ္စကတော့ အမှန်ပဲဗျ။

လာကပေါ် – ဒါဆို တခြား ဘာရှိသေးလို့လဲ။

အောင်ကျော် – ရှိတာပေါ့ဗျာ။ သန်းခေါင်စာရင်း ကောက်ပြီးရလာတဲ့ အချက်အလက်တွေကို မူတည်ပြီးမှ ကျန်တဲ့ကိစ္စတွေ အကောင်အထည်ဖော်ရမှာလေ။ နောက်တစ်ခုရှိသေးတာက အဲဒီ သန်းခေါင်စာရင်း ကောက်ပြီးလို့ ရလာတဲ့ အချက်အလက်တွေကို အစိုးရက ဘယ်နည်း ဘယ်ပုံလုပ်မှာလဲ၊ အများပြည်သူကို ချပြမှာလား။ ဘယ်အချက်တွေကိုချပြမှာလဲ၊ ဘယ်အချက်တွေကိုတော့ ချမပြဘူးလဲ၊ အခု ယုံကြည်မှုတည်ဆောက်နေတဲ့ လက်နက်ကိုင် တိုင်းရင်းသားတွေကိုရော ဘယ်အချက်တွေ မျှဝေသိခွင့်ရှိသလဲ စသဖြင့်ပေါ့ဗျာ။

လာကပေါ် – ဩော် – အဲလိုလည်း ရှိသေးတာကိုး။

အောင်ကျော် – အဓိက ပြဿနာကတော့ လက်ရှိ အစိုးရ ဆိုတာဟာ ပြည်သူတွေက ရွေးချယ်တင်မြှောက်ထားတဲ့ အစိုးရစစ်စစ်မဟုတ်တဲ့ အချက်ပဲ။ နောက် တိုင်းရင်းသားတွေနဲ့လည်း ယုံကြည်မှုပြည့်ပြည့်ဝဝ မတည်ဆောက်နိုင်သေးဘူး။ ဆိုတော့ သူ ဘာလုပ်လုပ် မယုံကြည်နိုင်ဘူးဆိုတဲ့ ဇာတ်လမ်း ဖြစ်နေတာပဲ။

လာကပေါ် – တကယ်ရော ယုံကြည်ရလို့လား။

အောင်ကျော် – အဲဒါတွေ ခဏထားပေါ့ဗျာ။ အခု သန်းခေါင်စာရင်း ကောက်ဖို့ကလည်း နီးလာပြီဆိုတော့ ခင်ဗျားသာဆို ဘယ်လို သဘောထားမလဲ။

လာကပေါ် – ဘယ်လိုဖြစ်ဖြစ် ညှိကြရင်တော့ ကောင်းတာပေါ့။ ညှိကြည့်ရင် အဖြေတွေ့နိုင်တာပေါ့။

အောင်ကျော် – ဘယ်လို ညှိမှာလဲ။

လာကပေါ် – ကျွန်တော် နားလည်သလောက် တိုင်းရင်းသား ၁၃၅ မျိုးထဲမှာ ပိုနေတာ၊ ထပ်နေတာ အရေးမကြီးဘူး။ အဲဒီ အမျိုးအစားတွေကို မဖြည့်နဲ့ပေါ့ဗျာ။ ဘာမှမဖြစ်ဘူး။

အောင်ကျော် – ဟုတ်ပြီ။

လာကပေါ် – နာမည်တပ် မှားနေတာကိုလည်း အခု သန်းခေါင်စာရင်းမှာ အဲဒီ အတိုင်းဖြည့်၊ နောင် အဲဒီနာမည်ကိုပြင်။

အောင်ကျော် – အဲဒါလည်း ဖြစ်နိုင်တယ်။

လာကပေါ် – ခက်မှာက အဲဒီစာရင်းထဲမှာမပါတဲ့ မျိုးနွယ်စု ရှိနေရင်တော့ ဘယ်လိုလုပ်မလဲ၊ အဲဒါတစ်ခု ခက်မယ်။

အောင်ကျော် – အင်းပေါ့။ အင်းပေါ့။ ခင်ဗျားပြောတာမှန်တယ်။ ညှိကြည့်ရမှာပေါ့။

လာကပေါ် – နောက်တစ်ခု အရေးကြီးတာက အဲဒီ သန်းခေါင်စာရင်းပုံစံကို တိုင်းရင်းသား အဖွဲ့အစည်းတွေက နားလည်ပြီး ကိုယ့်သက်ဆိုင်ရာဒေသ၊ ကိုယ့်သက်ဆိုင်ရာ လူမျိုးကို ဘာဖြည့်ပါ ဆိုပြီး ကြိုတင် ပညာပေး စည်းရုံးတာမျိုးတော့ လုပ်ဖို့ လိုမယ်။

အောင်ကျော် – ဒါလည်း ကောင်းတာပဲ။

လာကပေါ် – ဒါပေမဲ့ အချိန်သိပ်မရတော့ဘူးလေ။

အောင်ကျော် – အင်းပေါ့။ ဒါကြောင့် အဲဒါကိုလည်း ညှိပါလို့ ပြောတာပေါ့။

လာကပေါ် – ဝန်ကြီး ဦးခင်ရီတို့ဘက်က အချိန်သိပ်ကပ်နေပြီ၊ မညှိတော့ဘူး ဆိုရင် –

အောင်ကျော် – အင်း ဘာဆက်ဖြစ်လာမလဲ မသိနိုင်ဘူး။ အခုကိုပဲ တချို့ လက်နက်ကိုင် အဖွဲ့အစည်းတွေက သူတို့ နယ်ထဲသန်းခေါင်စာရင်းဝင်ကောက်ခွင့်ပြုမယ်လို့ ကတိပြုထားတာ မရှိသေးသလို တချို့အဖွဲ့အစည်းတွေက သူတို့ဘာသာ သူတို့ ကောက်မယ် ပြောတာလည်း ရှိနေတယ်။ အဲလိုသာဆို အပြည့်အဝ မအောင်မြင်နိုင်ဘူး ဖြစ်သွားမယ်။

လာကပေါ် – ပြဿနာ တစ်ခုပြီး တစ်ခု ရင်လေးစရာပဲ။

အောင်ကျော် – စစ်အာဏာရှင်စနစ် ဆိုးရဲ့ ဆိုးမွေတွေကြောင့်ပေါ့ဗျာ။ ဒါတွေ ကုန်ဆုံးစေချင်ရင် လာမယ့် ၂၀၁၅ မှာ ပြည်သူတွေ လက်ခံနိုင်လောက်တဲ့ ပြင်ဆင်ပြီးသား အခြေခံဥပဒေနဲ့ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲကို ကျင်းပပေး။ တိုင်းရင်းသားတွေနဲ့ ငြိမ်းချမ်းရေးရအောင်တည်ဆောက်၊ ပြည်ထောင်စုဒီမိုကရေစီ တိုင်းပြည်တည်ဆောက် ဒါပဲ ရှိတာ မဟုတ်လား။

လာကပေါ် – ဟုတ်ပါ့ဗျာ။





# ဇွဲကပင်မြေမှသည် သောင်ရင်းကို ကျော်၍

ဒေါက်တာမြင့်သိန်း(ရန်ကုန်တက္ကသိုလ်)

**ယခင်အပတ်မှအဆက်**

မြို့နှင့်အနည်းငယ်လှမ်းသည့် နေရာတွင်တည်ရှိသဖြင့် မကြာမီဖွံ့ဖြိုးလာမည့် ကာလတစ်ခုကို စောင့်ရဦးမည် ဖြစ်သည်။ မြို့ထဲသို့ ဆက်လက်ဝင်ရောက်လာသည့် အခါကျွန်တော်နှင့်လိုက်ပါလာသည့် ကားဆရာက''ဆရာအဲဒါသမိုင်းဝင် ဘောလုံးကွင်းနေရာလေ။ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပြောခဲ့တဲ့ နေရာပေါ့။ ဟိုမှာဟိုတယ် ဆောက်လက်စလေ။ အခုတော့ ရပ်နိုင်းထားလို့ရပ်ထားရတယ်၊ ဒါပေမဲ့ သူတို့က ရအောင်ပြန်ဆောက်မယ်လို့ ကြုံးဝါးထားတယ်'' ဟု ပြောပြသည်။ အစိုးရအပေါ် ပြည်သူတို့ ဩဇာနှင့်ငွေရှင်တို့၏နေဩဇာ အားပြိုင်မှု တစ်ခုပင်။ ငွေရှင်နောက်တွင် အာဏာ၏အကာအကွယ်ကို မည်သည့် အတိုင်းအတာအထိရယူထားသည်ကိုတော့ မကြာတော့မည့် အနာဂတ်က အဖြေပေးပေလိမ့်မည်ဖြစ်သည်။

တစ်ချိန်က တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ပင်လုံစာချုပ်ချုပ်ဆိုနိုင်ရေးအတွက် တစ်နိုင်ငံလုံးသို့ လှည့်လည်စည်းရုံးနေသည့် ၁၉၄၆ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းတို့အဖွဲ့ ကရင်တိုင်းရင်းသားစည်းရုံးရေး ဖော်ဆောင်ရန် ကရင်ပြည်နယ်သို့ရောက်ရှိလာခဲ့သည်။ ၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၂ရက်နေ့တွင် ဘားအံသို့ ရောက်ရှိလာပြီး ကြိုဆိုသူတိုင်းရင်းသားများကို ခဏမျှမိန့်ခွန်းပြောကာ လှိုင်းဘွဲ့နယ်၊ ကပ္ပလီကျေးရွာသို့ ဆက်လက်ထွက်ခွာခဲ့သည်။ ၁၉၄၆ခုနှစ်ဇန်နဝါရီ ၃ရက်နေ့ ကပ္ပလီကျေးရွာ၏ကရင်နှစ်သစ်ကူးပွဲကို အမီ ရောက်အောင်လာပြီး တရားဟောကာ ထိုနေ့မှာပင် ဖားအံသို့ ပြန်လည်ထွက်ခွာလာခဲ့သည်။ ညနေပိုင်း၌ ယခု ဖားအံမြို့ သမိုင်းဝင်ဘောလုံးကွင်းတွင် ဗိုလ်ချုပ်အောင်ဆန်းက ဒုတိယအကြိမ်မိန့်ခွန်းပြောကြားခဲ့ခြင်းဖြစ်သည်။ကရင်-ဗမာချစ်ကြည်ရေး၊တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ပင်လုံညီလာခံ ဖြစ်ပေါ်လာရေးတို့အတွက် နယ်အနှံ့သို့ မရပ်မနားစည်းရုံးလှုပ်ရှားခဲ့ခြင်း၏အကျိုးကြောင့် လွတ်လပ်ရေးကို ကျွန်တော်တို့ လျင်လျင်မြန်မြန်ရရှိခဲ့ခြင်း မဟုတ်ပါလား။ ပင်လုံစာချုပ်မချုပ်ဆိုနိုင်လျှင်၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မဆောင်ရွက်နိုင်လျှင် လွတ်လပ်ရေးသည်လည်း လွယ်လွယ်ကူကူရရှိနိုင်မည်မဟုတ်ချေ။ ထိုသို့သမိုင်းဝင် ဖြစ်ရပ်တည်ရှိရာနေရာကို ကျွန်တော့်အားပြောချိန်တွင် ဆောက်လက်စ ဟိုတယ်တစ်ဝက်တစ်ပျက်ကို ထိုအားကစားဝင်းတွင် မြင်နေရခြင်းက စိတ်မချမ်းသာစရာ။ သမိုင်းဝင် နေရာတစ်ခုဖြစ်ခြင်းကြောင့် မဆောက်သင့်သည့်နေရာဖြစ်သကဲ့သို့ ပြည်သူ့အားကစားကွင်းနေရာ ဖြစ်သည်ဆိုကတည်းကရှောင်သင့်သည့်နေရာလည်း ဖြစ်ပေသည်။ အားကစားကွင်းအစ ပန်းခြံများအဆုံးပြည်သူတို့အသုံးပြုကြရန်နေရာ မှန်သမျှ အတွက်ကို အခြေခံသည့် လုပ်ငန်းများတွင် လုပ်ချင်တိုင်းလုပ်ပစ်သည့်ခေတ်ကာလတစ်ခု ကျော်လွန်ခဲ့ပြီဟု ထင်ခဲ့သော်လည်းရှိနေဆဲဖြစ်ကြောင်း လက်တွေ့မြင်လိုက်ရခြင်းပင်။ ပြည်သူတို့က သမိုင်းကိုတန်ဖိုးထားတတ်သည့် အသိမျိုးရှိလာချိန်တွင် မျက်ကွယ်ပြုလိုသူတို့မှာ အုပ်ချုပ်ရေး အသိုင်းအဝိုင်းနှင့် ဆက်နွယ်နေသည်က စဉ်းစားစရာဖြစ်နေပေသည်။

**လျှပ်တစ်ပြက်ဘားအံ**



ရသေ့ပုံ့ဂူအဝင်ဝ

> ကျွန်တော်ရောက်သည့်ကာလသည် ကရင်နှစ်သစ်ကူးခါနီးဖြစ်သဖြင့် ကရင်ရိုးရာဆိုင်တွင် အတော်ရောင်းနေရပေသည်။ သို့သော် အားလုံးသည် မိတ်အင်ထိုင်းလင်းများဖြစ်သည် . . .

ဖားအံမြို့ကို ဖြတ်ကာသွားစဉ် ကျွန်တော့်ကားဆရာက သိထိုက်သည်များကို ဘေးကပြောပြနေသည်။ ဘားအံမြေတွင် ကျွန်တော်နေလာခဲ့သည့် လွန်ခဲ့သည့်နှစ် ၂၀ကျော်ကာလနှင့် မည်သည့်နေရာများတွင် ထူးခြားလာသနည်းဆိုသည်ကို ချိန်ထိုးကြည့်နေမိသည်။ စီးပွားရေးအရ တိုးတက်လာသည့်လက္ခဏာကထင်သလောက် မဟုတ်သေးချေ။ သို့သော် အိမ်ခြံမြေဈေးက ကြောက်ခမန်းလိလိပင်။ မြန်မာနိုင်ငံ၏ အိမ်ခြံမြေဈေးသည် ကမ္ဘာတွင် ဒုတိယဈေးအမြင့်ဆုံးဟု ပြောကြသည်မှာ ဟုတ်လောက်ပေသည်။ မန္တလေးမှမြေတစ်ကွက်ကိုဝယ်ခြင်းသည် အမေရိကန်တွင် ရဟတ်ယာဉ်ကွင်းအပါအဝင် ကမ်းခြေက အပန်းဖြေအိမ်နှင့် မြေတန်ဖိုးထက်များသည် ဟုဆိုကြသည်။ မြေဈေး အိမ်ဈေးပြဿနာသည် အမဲများကို ဖြူအောင်လုပ်သူတို့နှင့်ဆက်စပ်နေပုံရသည်။ မြဝတီခရီး တစ်ထောက်အတွက် တည်းခိုသူများရှိကြသဖြင့် တည်းခိုခန်းများတော့ ပိုမိုများပြားလာသည်ကို တွေ့ရသည်။ မြို့လယ်တွင် ကြီးမားသည့်ဟိုတယ် တစ်ခု ဆောက်လုပ်ဆဲတွေ့ရသဖြင့် ကား ဆရာအားမေးကြည့်ရာ''အဲဒါကအစိုးရ မြေယူပြီး ဆောက်ထားတာ ဆရာ။ ကြီးကြီးမားမား အမျိုးတွေနဲ့ ပတ်သက်နေတာပေါ့ဗျာ''ဟု ပြောပြသည်။ ကျွန်တော်လည်းသည့်လောက် ပြောသည်နှင့် သဘောပေါက်လိုက်သဖြင့် ဆက်မမေးတော့ပါ။သို့သော်သတိရလာသဖြင့်''အရင်တုန်းကအဝေးပြေးဂိတ်နေရာရှိသေးလား'' ဟုမေးလိုက်ရာ ''အဲဒါလဲသူတို့ဘာပဲ''ဟု ကားဆရာက ဖြေလာပြန်သဖြင့် ခပ်မဆိပ်နေလိုက်တော့သည်။ ကိုယ်ကျိုးစီးပွားကို ရှာကြသည်ဆိုသော်လည်း အတိုင်းအတာတစ်ခုတော့ ထားရန်လိုလိမ့်မည်ဖြစ်သည်။ အလွန်အကျွံ ကိုယ်ကျိုးကြည့်မှုကို ထိန်းချုပ်ကာ ပြည်သူတွေအတွက် ကောင်းသောလောကကို ဖန်တီးပေးနိုင်မှ ကောင်းသောမှတ်တမ်းဖြင့် သမိုင်းအတင်ခံရမည်ဖြစ်သည်။ လူတိုင်းသည် ကိုယ့်သမိုင်းကိုယ် ရေးနေခြင်းပင်မဟုတ်ပါလား။

မြို့ထဲအရောက်တွင် ကရင်တိုင်းရင်းသား ရိုးရာလက်ရက်ထည်များကို အမှတ်တရ ဝယ်ယူရန် ဆိုင်တစ်ဆိုင်သို့ ဝင်ကြည့်ကြသည်။ ယခင်ကာလများတွင်လည်း သည်သို့ပင် ဝင်ဝယ်လေ့ရှိသည်။ ကရင်ရိုးရာ ဒီဇိုင်းများကနှစ်သက်စရာကောင်းသဖြင့် နိုင်ငံခြားဧည့်သည်များကို လက်ဆောင်ပေးသည့်အခါ အလွန်ကြိုက်ကြသည်။ဆိုင်ထဲဝင်လိုက်သည်နှင့်''ကရင်လက်ရက်ထည်များရှိသလား''ဟု မေးလိုက်သည့်အခါ''မရှိပါ''ဟုဖြေသည်။ ကျွန်တော်က''ဒီအထည်တွေက ဘယ်ကလာတာလဲ''ဟုမေးလိုက်သည့်အခါ''ထိုင်းဘက်ကလုပ်တာ''ဟုဖြေသည်။ ''အသားလည်းကောင်းတယ်၊ ဈေးလည်းခိုင်တယ်''ဟု ဆက်ဖြေကာထိုင်းပစ္စည်းကိုပင် ကြော်ငြာဝင်ပေး လိုက်သေးသည်။ ခေတ်မီလာခြင်းကြောင့်လားတော့ မပြောတတ်ပေ။ ထင်ရှားသည့်နေ့ကြီးရက်ကြီးလောက်သာ ကရင်ရိုးရာထည်ကို ကရင်တိုင်းရင်းသားများဝတ်လေ့ရှိတော့သည်ဟုဆိုသည်။ ကျွန်တော်ရောက်သည့်ကာလသည် ကရင်နှစ်သစ်ကူးခါနီးဖြစ်သဖြင့် ကရင်ရိုးရာဆိုင်တွင် အတော်ရောင်းနေရပေသည်။ သို့သော် အားလုံးသည် မိတ်အင်ထိုင်းလင်း များဖြစ်သည်။ ကရင်ရိုးရာကို ထိုင်းကရက်လုပ်ရောင်းချကာ စီးပွားရှာကြသည်။ ခရမ်းချဉ်သီး၊ ပဲသီး၊ သားငါးမှအစ အဝတ်အထည်၊ အိမ်သုံးပစ္စည်းအဆုံး၊ အားလုံးသောအရာတို့မှာ တောင်ပေါ်ဟုဒေသခံတို့ခေါ်သည့် ထိုင်းနိုင်ငံအကူအညီမပါလျှင် မပြီးတော့သည်အထိ မှီခိုနေရပေသည်။ ကရင်ရိုးရာလက်ရက်ကန်းလုပ်ငန်းမှာ ပျောက်ကွယ်သလောက် ပင်ဖြစ်သွားပေသည်။ လူငယ်လူရွယ်အများစုက ထိုင်းတွင် သွားရောက်အလုပ်လုပ်ကြသကဲ့သို့ ဝတ်စားဆင်ယင်ပုံတို့ကလည်းခေတ်မီလာကြသဖြင့် လက်ရက်ထည် လုပ်ငန်းများ စီးပွားမဖြစ်တော့ဟုဆိုသည်။ တိုးတက်လာခြင်း၏မြင်ကွင်းတွင် ရိုးရာအားလုံး ပျောက်ကွယ်ရန် ပိုမိုနီးစပ်လာခြင်းက စိုးရိမ်စရာ။

**အတိတ်ကောလိပ်၊ ပစ္စုပ္ပန်ပညာရေး အနာဂတ်အုပ်ချုပ်မှု**

မြို့မြောက်ဘက်သို့ ဦးတည်မောင်းနှင်လာသည့် ကျွန်တော်တို့ကားကလေးသည် တစ်ချိန်က ဖားအံ ကောလိပ်ဟောင်းရှေ့သို့ ရောက်ရှိလာသည်။ ကျွန်တော်က ''ကျောင်းအသစ်က ဘယ်မှာလဲ''ဟု မေးကြည့်ရာ ကားဆရာက တစ်ဆက်တည်းတည်ရှိနေသည့် ကျောင်းသစ်ကို လိုက်ပြသည်။ တောင်ခြေနှင့်ကပ်နေသဖြင့် လှပသည့် တက္ကသိုလ်ဖြစ်သွားပေသည်။ ကျွန်တော်တို့ရှိစဉ်က ကျောင်းဟောင်းသည် ပြောင်းလဲ သွားပြီဖြစ်သည်။ ကျောင်းတွင် ကျွန်တော်တပည့်များ၊ သူငယ်ချင်းများ၊ သမိုင်းမိသားစုများ ရှိကြမည်ဖြစ်သည်။ တပည့်ဆိုသော်လည်း ယခုတော့ ဆရာကြီး၊ဆရာမကြီးများဖြစ်နေပေသည်။အချို့လည်း ပိတ်ရက်ဖြစ်သဖြင့် ရန်ကုန်ပြန်ကြလိမ့်မည်ဟုတွေးမိသည်။ ဘားအံကိုလာလည်ရန် အကြိမ်ကြိမ်ဖိတ်သည့် မိတ်ဆွေများ၊ တပည့်များရှိသော်လည်း ကိုယ့်ကြောင့် သူတို့အလုပ်ရှုပ်မည်ကို လည်း စိုးရိမ်သဖြင့် မဝင်ဖြစ်ခဲ့ချေ။ လိုလိုချင်ချင်တပည့်များအတွက်စာနာရသကဲ့သို့ အခြားတပည့်များအတွက်လည်း စဉ်းစားပေးရမည်မဟုတ်ပါလား။ သို့မဟုတ်လျှင် သူတို့အနေခက်ပေမည်။

မြန်မာနိုင်ငံ၏ ပညာရေးစနစ်များ၊ ခေတ်များကလည်းယခင်နှင့် မတူတော့ချေ။ကိုယ်သင်ပေးခဲ့သည့်ဆရာအပေါ် ကိုယ့်ဆရာဟုခံယူထားသူက အလွန်ရှားပါးသွားပြီဖြစ်သည်။ တပည့်ကဂါရဝတရား နည်းပါးလာသကဲ့သို့ ဆရာများတွင်လည်း ကိုယ့်ဂုဏ်ပုဒ်နှင့် ညီအောင်နေနိုင်သူ နည်းပါးလာပြီ ဖြစ်သည်။ အခြေခံအကြောင်းရင်းမှာစီးပွားရေးချို့ငဲ့လာမှုကြောင့် လောဘတရားများလွှမ်းမိုးလာ ကြခြင်းဖြစ်သည်။ လောဘကို အခြေခံလာလျှင် ဂုဏ်သိက္ခာဆိုသည်မှာနောက်သို့ ရောက်သွားတော့သည်။ ယနေ့ခေတ်အများစုသော ဆရာများတွင် ငွေကြေးအပေါ် ခင်တွယ်လာသည့် လောဘကြောင့် ကျောင်းသားကလည်း ဆရာအပေါ် အရိုအသေတန်လာသကဲ့သို့ အလေးအယူဆန်လာသည်။

ဆက်လက်ဖော်ပြပါမည်။



ကရင်ရိုးရာအထည်ဆိုင်

မြန်မာသံတော်ဆင့် THE MYANMAR HERALD
အတွဲ-၂၊ အမှတ် ( ၅၀ )၊ ဖေဖော်ဝါရီ ၂၂ - ၂၈ ၊ ၂၀၁၄ ခုနှစ်



# Viber ကို ဂျပန်ကုမ္ပဏီ Rakuten က ကန်ဒေါ်လာ သန်း ၉၀၀ နဲ့ ဝယ်တော့မယ်

ဂျပန်နိုင်ငံ၏ နည်းပညာအင်အားကြီးကုမ္ပဏီတစ်ခုဖြစ်သည့် Rakuten မှ လူသုံးများလာသည့် Viber ကို အမေရိကန်ဒေါ်လာ သန်း ၉၀၀ ဖြင့် ဝယ်ယူတော့မည်ဖြစ်သည်။

ယင်းကဲ့သို့ ငွေကြေး အမြောက်အမြား အကုန်အကျခံ ဝယ်ယူရခြင်းမှာ ကုမ္ပဏီအနေဖြင့် ကမ္ဘာပေါ်တွင် အင်တာနက်ဝန်ဆောင်မှုပေးရာ၌ ကမ္ဘာ့အဆင့် ၁ ဖြစ်စေရန်အတွက် ရည်ရွယ်ဝယ်ယူခဲ့ခြင်းလည်း ဖြစ်သည်။

"အခုလို လုပ်လိုက်တာဟာ ဈေးကွက်ထဲမှာ တကယ့်ကို အင်အားကြီးပြီး ထင်သာမြင်သာ ဖြစ်သွားစေတယ်။ ပြီးတော့ အနာဂတ်မှာ စီးပွားရှာသိမ်းနိုင်တဲ့ နည်းလမ်းတစ်ရပ်လည်း ဖြစ်တယ်" လို့ နည်းပညာဈေးကွက်ဆိုင်ရာ လေ့လာသုံးသပ်သူ Paolo Pescatore က သုံးသပ်ပြောကြားသည်။



Rakuten တည်ထောင်သူနှင့် အမှုဆောင်အရာရှိချုပ် မစ္စတာ Hiroshi Mikitani

Rakuten အနေဖြင့် ယခုကဲ့သို့ Viber အား ဝယ်ယူလိုက်ခြင်းအားဖြင့် နည်းပညာထွန်းကားမှု နယ်ပယ်၌ နေရာကျယ်ကျယ် ရရှိစေရေးအတွက် မဟာဗျူဟာမြောက် ဝယ်ယူလိုက်ခြင်းဖြစ်ပြီး Viber အနေဖြင့် ၎င်းတို့ထံမှ မှတ်ပုံတင်ထားသည့် သုံးစွဲသူဦးရေ သန်း ၃၀၀ ၏ စာရင်းအား Rakuten ထံမှ ဝန်ဆောင်မှုပေးနေသည့် စာရင်းများထဲသို့ ပေါင်းထည့်ပေးရမည် ဖြစ်သည်။ ယင်းသို့ ထည့်သွင်းပေးရမည့် သန်း ၃၀၀ အနက် ၂၂၅ သန်းမှာ ကမ္ဘာတစ်လွှားရှိ ဝန်ဆောင်မှုစင်တာပေါင်း ၄၀ ကျော်မှ သုံးစွဲသူများလည်း ဖြစ်သည်။

လက်ရှိတွင် Viber အနေဖြင့် နာမည်ကျော် Skype နှင့် တန်းတူ လူသုံးများလျက်ရှိပြီး ၂၀၁၁ ခုနှစ် တင်ဘာလ ထုတ်ပြန်ချက်အရ ကမ္ဘာတစ်ဝန်း သုံးစွဲသူပေါင်း သန်း ၁၀၀ အထိ ရှိခဲ့ရာမှ ၂၀၁၃ ခုနှစ် မေလ၌ သန်း ၂၀၀ ကျော်အထိ ရှိလာခဲ့ပြီ ဖြစ်သည်။

အခုလိုမျိုး ဝယ်ယူလိုက်ခြင်းနှင့် ပတ်သက်၍ မိုဘိုင်းလ်နည်းပညာဆိုင်ရာ လေ့လာသုံးသပ်သူ John Delaney က "အခုလိုမျိုး Viber ကို ဝယ်လိုက်တာကတော့ ကုမ္ပဏီနှစ်ခုစလုံးအတွက် တကယ့်ကို အကျိုးရှိစေပြီး ဆင်ခြင်တုံတရားရှိရှိ လုပ်ဆောင်လိုက်တဲ့ လုပ်ရပ်ပဲ။ Viber က သူ့ရဲ့ ပရိသတ်တွေအတွက် နေရာတစ်ခုကို ထပ်ပြီး ဝယ်လိုက်သလိုဖြစ်သလို Rakuten ဘက်ကလည်း သူ့ဆီက ဂိမ်းတွေ၊ စိတ်လှုပ်ရှားမှုဆိုင်ရာ သရုပ်ဖော်ပြတဲ့ Emoticon တွေကို ပြန်ရောင်းလို့ ရသွားတာပေါ့ဗျာ" ဟု ပြောသည်။







ယခုလက်ရှိအချိန်တွင် Rakuten အနေဖြင့် ဂျပန်နိုင်ငံအတွက်သာ Messenger ဝန်ဆောင်မှုကို လုပ်ပေးနေခဲ့ရာမှ Viber ကို ဝယ်ပြီးလျှင်ဆိုပါက ကမ္ဘာတစ်ဝန်း ဘာသာစကားပေါင်း ၂၀ ကျော်ဖြင့် ဆောင်ရွက်နိုင်တော့မည့်အပြင် Skype ထက် လူသုံး ပိုများလာဖွယ်ရှိကြောင်း သုံးသပ်မှုများလည်း ရှိသည်။

Viber အနေဖြင့် လက်ရှိတွင် Android စနစ်သုံး ဖုန်းနှင့် Tablet များ၊ Window Phone, iPhone များအပြင် Window, Mac OS, Linux, Symbian စနစ်သုံး ကွန်ပျူတာတွင်ပါ သုံးစွဲနိုင်အောင် ဝန်ဆောင်မှုပေးလျက်ရှိသည်။

**Ref : www.infoworld.com**






# Android Device ရှိရုံနဲ့ ကိုရီးယားဘာသာစကား လေ့လာနိုင်မယ့် ဆော့ဖ်ဝဲ

မြန်မာနိုင်ငံမှာ ကိုရီးယားဇာတ်ကားတွေ ပြပြီးတဲ့နောက် ကိုရီးယားယဉ်ကျေးမှုတွေ ထွန်းကားလာသလို ဘယ်နေရာကြည့်ကြည့် "အိုပါး" "အာဒီရို" စသဖြင့် ပြောနေသံတွေကလည်း ညံနေပါတယ်။ ဒီတော့ Android Device တစ်ခုရှိရုံနဲ့ ကိုရီးယားဘာသာစကားကို လေ့လာနိုင်မယ့် ဆော့ဖ်ဝဲတစ်ခုကို လမ်းညွှန်ပေးပါရစေ။

ဒီဆော့ဖ်ဝဲမှာ ကိုရီးယားဘာသာစကားကို စတင်လေ့လာသူတွေအတွက် အသုံးအများဆုံး စကားစုပေါင်း ၄၀၀ ကျော်ကို ထည့်သွင်းပေးထားပြီး ရှာဖွေရလွယ်ကူစေဖို့အတွက်လည်း သက်ဆိုင်ရာ ကဏ္ဍအလိုက် ဖော်ပြပေးထားပါတယ်။

ဖော်ပြပေးထားတဲ့ စကားလုံး ၄၀၀ ကျော်ထဲမှာ လူတိုင်းမသုံးမဖြစ် ကဏ္ဍရပ်တွေဖြစ်တဲ့ နှုတ်ဆက်တာ၊ စကားစမြည်ပြောတာ၊ ကိန်းဂဏန်း၊ ကိုယ်သွားချင်တဲ့နေရာတွေ ဘယ်လိုပြောရမယ်၊ သွားလာရေးနဲ့ ပတ်သက်လို့ ဘယ်လိုပြောဆိုရမယ်၊ အစားအသောက်တွေနဲ့ ပတ်သက်လို့ ဘယ်လိုပြောရမယ် စတာတွေ ပါဝင်ပါတယ်။

ဒီကဏ္ဍတွေကို တစ်ခုချင်းအလိုက် ဖော်ပြရာမှာ အင်္ဂလိပ်ဘာသာနဲ့ ယှဉ်တွဲဖော်ပြပေးထားပြီး အသံထွက်ပြီး နားထောင်နိုင်အောင်လည်း ဆော့ဖ်ဝဲကို ရေးဆွဲထားတာ ဖြစ်ပါတယ်။ ဒါ့အပြင် အသံထွက်နားထောင်ရာမှာလည်း တကယ့်ကို ကိုရီးယားတစ်ယောက်က ပြောနေသံဖြစ်အောင် ရေးဆွဲထားလို့ နားထောင်ပြီး ပြန်ပြောတဲ့နေရာမှာလည်း ပိုမိုလွယ်ကူစေမှာ ဖြစ်ပါတယ်။

ဆော့ဖ်ဝဲကို အသုံးပြုနိုင်ဖို့အတွက် အင်တာနက်ရှိစရာ မလိုတဲ့အပြင် ကိုယ်ရှာချင်တဲ့ကဏ္ဍအလိုက် အလွယ်တကူ ရှာဖွေနိုင်အောင် Font Size ကို ချိန်ညှိနိုင်ပြီး အရေးကြီးတဲ့စကားလုံးတွေကိုတော့ ထပ်မံခွဲခြားဖော်ပြပေးထားလို့ သုံးစွဲသူကို ပိုမိုအဆင်ပြေနိုင်မှာပါ။

အခုဆော့ဖ်ဝဲဟာ အခမဲ့ဖြစ်ပေမယ့်လည်း ကိုရီးယားစကားကို ထဲထဲဝင်ဝင် ထပ်မံလေ့လာလိုသူတွေအတွက် အခကြေးငွေပေးပြီး Pro အဆင့် ထပ်မံဝယ်ယူနိုင်သလို ကဏ္ဍပေါင်း ၁၂ ခု ထပ်မံရရှိမှာ ဖြစ်ပါတယ်။

ထပ်မံတိုးရမယ့်ကဏ္ဍတွေမှာဆိုရင် အချိန်၊ အရောင်၊ ဈေးဝယ်ထွက်ခြင်း၊ တိုင်းပြည်များ၊ ခရီးသွား၊ မိသားစု၊ ချိန်းဆိုခြင်း၊ အရေးပေါ် စတဲ့ကဏ္ဍတွေပါ ထပ်ပါလာမှာဖြစ်ပါတယ်။

ဒီဆော့ဖ်ဝဲကို Android Version 2.2 နဲ့အထက်ရှိတဲ့ Device တွေမှာ အသုံးပြုနိုင်ပြီး ဖိုင်ဆိုက်ကတော့ 9.4 MB ရှိပါတယ်။ စိတ်ဝင်စားလို့ သုံးကြည့်မယ်ဆိုရင်တော့ ဂူဂဲလ်စတိုးမှာ Learn Korean Phrasebook နာမည်နဲ့ ရယူနိုင်ပါတယ်။

# KitKat စနစ်သုံး ဖုန်းအသစ်သုံးမျိုး LG စတင်မိတ်ဆက်

တောင်ကိုရီးယားနိုင်ငံ၏ ကမ္ဘာကျော်ကုမ္ပဏီကြီး LG က ၎င်းတို့၏ တတိယမြောက်မျိုးဆက်ထုတ်လုပ်မှုအဖြစ် L Series အမည်ဖြင့် Andoird 4.4 KitKat စနစ်သုံး စမတ်ဖုန်းသုံးမျိုးအား စတင်မိတ်ဆက်လိုက်ပြီ ဖြစ်သည်။

အဆိုပါမိတ်ဆက်ပွဲကို ဖေဖော်ဝါရီလ တတိယပတ်အတွင်း ပြုလုပ်လျက်ရှိသည့် မိုဘိုင်းကမ္ဘာ့ကွန်ဂရက်ပွဲ၌ စတင်မိတ်ဆက်ပေးခဲ့ခြင်းဖြစ်ပြီး LG ၏ သမိုင်းတွင်မည့် မိတ်ဆက်ပွဲဟုလည်း မီဒီယာများ၌ ဖော်ပြလျက် ရှိသည်။

စတင်မိတ်ဆက်ပေးခဲ့သည့် LG L Series ဖုန်းများမှာ L40, L70 နှင့် L90 တို့ဖြစ်ပြီး L90 မှာ မျက်နှာပြင်အကျယ် ၄ ဒသမ ၇ လက်မရှိပြီး မျက်နှာပြင် Resolua-tion မှာ ၉၆၀x၅၄၀ megapixel ရှိသည်။ သိုလှောင်နိုင်မှုပမာဏမှာ 8 GB ရှိပြီး Ram မှာ 1 GB ရှိသည်။ ရှေ့ကင်မရာမှာ 8 Mega-pixel ရှိပြီး နောက်ကင်မရာမှာ 1.3 ရှိကာ Processor မှာ Quad core 1.2 GHz ရှိသည်။

L 70 မှာလည်း မျက်နှာပြင်အကျယ် ၄ ဒသမ ၇ လက်မရှိပြီး သိုလှောင်နိုင်မှုပမာဏ 4GB ရှိပြီး Processor မှာ Dual-core 1.2 GHz ဖြင့် တည်ဆောက်ထားသည်။ RAM 1 GB ဖြစ်ပြီး ကင်မရာမှာ 8 megapixel ဖြစ်သည်။

L 40 မှာ မျက်နှာပြင်အကျယ် ၃ ဒသမ ၅ လက်မသာရှိပြီး ကင်မရာ 3 megapixel နှင့် RAM မှာ 512 MB သာ ပါရှိသည်။

L 40 အတွင်း 512 MB သာ သုံးထားခြင်းမှာ Android KitKat စနစ်၌ ကောင်းမွန်စွာ အလုပ်လုပ်ကိုင်နိုင်သည့်အတွက်ဖြစ်ကြောင်း။ ယင်းသို့ လုပ်ဆောင်နိုင်သည့်အချက်မှာ L 40 အတွက် အမြတ်တစ်ခုဖြစ်နေကြောင်း LG က ထုတ်ပြန်ခဲ့သည်။

LG မှ L Series ဖုန်းသုံးမျိုးစလုံးအား မိတ်ဆက်ပေးခဲ့သော်လည်း မည်သည့်အချိန်၌ ဆိုင်များပေါ်သို့ ရောက်ရှိမည်၊ မည်သည့်ဈေးနှုန်းဖြင့် စတင်ရောင်းချပေးမည်ကိုမူ ထုတ်ပြန်ခဲ့ခြင်း မရှိပေ။

**Ref : computerworld.com**



မြန်မာသံတော်ဆင့်
THE MYANMAR HERALD
အတွဲ-၂၊ အမှတ် ( ၅၀ )၊ ဖေဖော်ဝါရီ ၂၂ - ၂၈ ၊ ၂၀၁၄ ခုနှစ်



ကျော်မင်း

# အိန္ဒိယမှာ မိုဘိုင်းဖုန်းကို ဘာအတွက်သုံးကြသလဲ

အိန္ဒိယနိုင်ငံ၌ မိုဘိုင်းဖုန်းကို အသုံးပြုကြပုံမှာ တော်တော်လေး ထူးခြားနေသည်။ ဖုန်းပြောရန်နှင့် မက်ဆေ့ချ်ပို့ရန် သက်သက်အတွက်သာ မိုဘိုင်းဖုန်းကိုအသုံးပြုကြသည်မဟုတ်ဘဲ အခြားကိစ္စရပ်များအတွက်လည်း တွင်တွင်ကျယ်ကျယ်အသုံးချနေကြသည်။ ဆိုရလျှင် အိန္ဒိယနိုင်ငံသားတို့အတွက် မိုဘိုင်းဖုန်းဆိုသည်မှာ ဖုန်းပြောရန်ထက် အခြားကိစ္စရပ်များအတွက် အဓိကအသုံးချစရာပစ္စည်းဖြစ်နေသည်။ လူဦးရေသန်းပေါင်း ရာနှင့်ချီ၍ရှိသော အိန္ဒိယနိုင်ငံ၏လူနေအိမ်များ၌ အခြားသောအီလက်ထရွန်နစ်ပစ္စည်းတစ်ခုမျှမရှိလျှင်ပင် မိုဘိုင်းဖုန်းတစ်လုံးတော့ရှိကြသည်။ ယင်းမိုဘိုင်းဖုန်းကပင်လျှင် မိသားစုတို့အတွက် ဘက်စုံသုံး အီလက်ထရွန်နစ်ပစ္စည်းဖြစ်သည်။ မိုဘိုင်းဖုန်းလိုင်းသုံးစွဲသူပေါင်း သန်း ၉၀၀ ရှိသည့် အဆိုပါနိုင်ငံသည် ကမ္ဘာပေါ်၌ တိုးတက်မှုအလျင်မြန်ဆုံးမိုဘိုင်းဖုန်းဈေးကွက်ကြီးဖြစ်နေပြီး မိုဘိုင်းဖုန်းကို အသုံးချပုံချနည်းကလည်း အင်မတန်ထူးခြားလှသည်။ မိုဘိုင်းဖုန်းကို သမားရိုးကျမဟုတ်သောပုံစံဖြင့် အသုံးပြုပုံနည်းလမ်းငါးမျိုးမှာ အိန္ဒိယမိုဘိုင်းဖုန်းသုံးစွဲသူများအကြား ရေပန်းစားသည်။

**Missed Call**

ဖုန်းခေါ်ဆို၍ ဖုန်းသံတစ်ကြိမ် သို့မဟုတ် နှစ်ကြိမ်မြည်ပြီးနောက် ဖုန်းချလိုက်ပြီး မစ်ကောလ်(Missed Call)ပေးခြင်းများသည် အိန္ဒိယ၌ လွန်စွာခေတ်စားသည်။ တစ်ဦးမှတစ်ဦးဖုန်းဆက်သွယ်ရာတွင် ဖုန်းခမကုန်ကျစေရန်အတွက် မစ်ကောလ်ကိုအသုံးချကြခြင်းဖြစ်သည်။ ငွေကုန်ကြေးကျမရှိဘဲ အချက်ပေးစနစ်အဖြစ် အသုံးတည့်ခြင်းကြောင့် မစ်ကောလ်ပေးခြင်းမှာ အိန္ဒိယနိုင်ငံသားများအကြား ရေပန်းစားနေခြင်းဖြစ်သည်။

ပုံမှန်အားဖြင့် ကလေးများနှင့် အလုပ်သမားများက ၎င်းတို့၏မိဘများ သို့မဟုတ် အလုပ်ရှင်တို့ကို ဆက်သွယ်ရန်အတွက်မစ်ကောလ်ကိုအသုံးပြုလေ့ရှိကြသည်။ မစ်ကောလ်ပေးခြင်းကို ဈေးကွက်မြှင့်တင်ရေးလုပ်ငန်းစဉ်များအတွက်လည်း အိန္ဒိယ၌ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုကြသည်။ ရုပ်သံလိုင်းအချို့ဆိုလျှင် နှစ်သက်သဘောကျသောအစီအစဉ်များကို ရုပ်သံကြည့်ပရိသတ်များထံမှ မစ်ကောလ်ပေး၍ ဆန္ဒပြုရန် တောင်းခံမှုပြုလုပ်ကြသည်။

မစ်ကောလ်ပေးခြင်းသည် အာဖရိက၊ ဖိလစ်ပိုင်နှင့် ဘင်္ဂလားဒေ့ရှ်တို့၌လည်း အလွန်ရေပန်းစားသည်။ သို့သော် အိန္ဒိယ၌မူ မစ်ကောလ်သည် စီးပွားဖြစ်ဝန်ဆောင်မှုဖြစ်နေသည်။ ယခုအခါ အိန္ဒိယ၏ မစ်ကောလ်ဝန်ဆောင်မှုသည် ခန့်မှန်းခြေ အမေရိကန်ဒေါ်လာသန်း ၁၀၀ ကျော်သည့် စီးပွားရေးလုပ်ငန်းဖြစ်နေသည်။ Proctor & Gamble, Cadbury, Colgae နှင့် Disney တို့ကဲ့သို့သော ကုမ္ပဏီပေါင်း ၁၀၀ ကျော်တို့သည် သုံးစွဲသူများအတွက် မစ်ကောလ်ပေး၍ ဝန်ဆောင်မှုများတောင်းခံနိုင်ရန် စီစဉ်ပေးကြသည်။ သုံးစွဲသူများအနေနှင့် ကုမ္ပဏီကပေးထားသော ဖုန်းနံပါတ်တစ်ခုခုသို့ မစ်ကောလ်ပေး၍ နမူနာဝန်ဆောင်မှုများ တောင်းခံခြင်း၊ ဝန်ဆောင်မှုတစ်ခုခုကိုရယူခြင်းနှင့် တစ်စုံတစ်ရာအကြောင်းပြန်ကြားပေးခြင်းတို့ကို ပြုလုပ်နိုင်ရန် စီစဉ်ပေးထားခြင်းဖြစ်သည်။

အိန္ဒိယတွင် မစ်ကောလ်ပေးခြင်းကို နိုင်ငံရေးပါတီ၏ လူသစ်စုဆောင်းရေးအတွက်လည်း အသုံးချနေကြသည်။ အိန္ဒိယနိုင်ငံ၌အသစ်ပေါ်ထွက်လာသော နိုင်ငံရေးပါတီဖြစ်သည့် Aam Aadmi (Common Man) ပါတီသည် မစ်ကောလ်ကို ပါတီဝင်အင်အားတိုးရေးအတွက် အသုံးပြုခဲ့သည်။ လက်ရှိတွင် ဒေလီမြို့တော်ကိုအုပ်ချုပ်နေသည့် အဆိုပါပါတီသည် ယခုလအစောပိုင်းတွင် ၎င်းတို့ပါတီ၏ဖုန်းနံပါတ်သို့ မစ်ကောလ်ပေး၍ ပါတီဝင်အဖြစ် စာရင်းသွင်းရန်နိုင်ငံသားများကိုတိုက်တွန်းခဲ့သည်။ ထို့နောက်တွင် ပါတီ၏ဖုန်းသို့ဝင်လာသော မစ်ကောလ်ဖုန်းနံပါတ်များကို ပါတီတာဝန်ရှိသူများက ဆက်သွယ်၍ တရားဝင်လုပ်ထုံးလုပ်နည်းများဖြင့် ပါတီဝင်အဖြစ် သွတ်သွင်းသည်။



**မစ်ကောလ်ပေးခြင်းကို နိုင်ငံရေးပါတီ၏ လူသစ်စုဆောင်းရေးအတွက်လည်း အသုံးချနေကြသည်... တစ်လမျှ မကြာသောကာလအတွင်းမှာပင် မစ်ကောလ်ပေး၍ ပါတီဝင်လာသူ စုစုပေါင်း ခုနစ်သိန်းကျော်ရှိ...**

တစ်လမျှ မကြာသောကာလအတွင်းမှာပင် မစ်ကောလ်ပေး၍ ပါတီဝင်လာသူစုစုပေါင်း ခုနစ်သိန်းကျော်ရှိခဲ့သည်ဟု အဆိုပါပါတီကဆိုသည်။

**မိုဘိုင်းဖုန်းက ဓာတ်မီး**

အိန္ဒိယနိုင်ငံတွင် လမ်းမများတွင် အလင်းရောင်ပေးနိုင်မှုနည်းပါးလှပြီး လျှပ်စစ်ဓါတ်အားကလည်း မကြာခဏပြတ်တောက်လေ့ရှိသဖြင့် လမ်းသွားလမ်းလာအများစုသည် ဓာတ်မီးများဆောင်ထားကြရသည်။ နိုကီယာမိုဘိုင်းဖုန်းကုမ္ပဏီက ၎င်း၏ရေပန်းစားသောဟန်းဆက်များ၌ လက်နှိပ်ဓာတ်မီးအဖြစ် အသုံးပြုနိုင်သောအရာကို ထည့်သွင်းလိုက်သည့်အခါ ချက်ချင်းဆိုသလိုပင် အလွန်အင်မတန်အသုံးတည့်သော ပစ္စည်းဖြစ်လာသည်။ မကြာမီမှာပင် မိုဘိုင်းဖုန်းကုမ္ပဏီများက လိုက်လံတုပ၍ ယင်းကဲ့သို့ ဓာတ်မီးအဖြစ်လည်း သုံးနိုင်သည့်ဟန်းဆက်များ ထုတ်လုပ်မှု တစ်ဟုန်ထိုး တိုးတက်လာခဲ့သည်။

LED ဓာတ်မီးပါဝင်သည့် နာမည်မကြီး၊ လူမသိသောအဖိုးနှုန်းချိုသာသည့် တရုတ်ဟန်းဆက်များသည် အရောင်းဆိုင်များ၌ ပလူပျံလာခဲ့သည်။ စမတ်ဖုန်းကဲ့သို့ နည်းပညာမြင့်ဟန်းဖုန်းများ ဈေးကွက်ထဲဝင်လာချိန်တွင် အက်ဖ်အမ်ရေဒီယိုကဲ့သို့သော အခြားရေပန်းစားသည့်ဆော့ဖ်ဝဲနှင့် အသုံးတည့်အရာအများအပြား ထပ်မံပါဝင်လာသော်လည်း ဓာတ်မီးကိုတော့ ချန်ထားခဲ့၍မရပေ။ နောက်ပိုင်းတွင် ဓာတ်မီးအဖြစ် ဟန်းဆက်၌အသုံးပြုသော ဖလက်ရှ်အလင်းရောင်ကို ကင်မရာမီးအတွက်ပါ သုံးစွဲရင်း ပိုမိုအသုံးတည့်သောအရာ ဖြစ်လာစေခဲ့သည်။

**ရေဒီယိုလည်းဒါပဲ**

အက်ဖ်အမ်ရေဒီယိုလိုင်းပေါင်း ၂၀၀ ကျော်ရှိသောအိန္ဒိယ၌ နားဆင်သူတို့အတွက် ရွေးချယ်စရာက လွန်စွာများပြားလှပေသည်။ သို့သော် အဆိုပါရေဒီယိုအစီအစဉ်များကို နားဆင်ခံစားနိုင်စေရေးအတွက် အများစုဝယ်ယူသုံးစွဲသောအရာမှာ သမားရိုးကျရေဒီယိုစက်များမဟုတ်ပေ။ လူသန်းပေါင်းများစွာက မိုဘိုင်းဖုန်းများဖြင့်သာ အက်ဖ်အမ်ရေဒီယိုအစီအစဉ်များကို ဖမ်းယူနားဆင်နေကြသည်။ လက်ရှိတွင် ဈေးကွက်ထဲသို့ ရောက်ရှိလာသောအနိမ့်စားဟန်းဆက်အများစုတွင် အက်ဖ်အမ်ရေဒီယိုပါဝင်သည်။

ရေဒီယိုပါဝင်လာခြင်းမရှိသည့် အဆင့်မြင့်စမတ်ဖုန်းကိုကိုင်ဆောင်လာသူအများစုသည်လည်း အက်ဖ်အမ်ရေဒီယိုလိုင်းများအား နားဆင်နိုင်သော Tune-in ကဲ့သို့သောဆော့ဖ်ဝဲကို အသုံးချကြသည်။ အိန္ဒိယနိုင်ငံ၏ အမျိုးသားရေဒီယိုအသံလွှင့်ဌာနဖြစ်သော All India Radio ကလည်း စမတ်ဖုန်းအသုံးပြုသူများအတွက် ရေဒီယိုအစီအစဉ်များနားဆင်နိုင်မည့် ဆော့ဖ်ဝဲကို မိတ်ဆက်ပေးခဲ့သည်။

အိန္ဒိယနိုင်ငံအလယ်ပိုင်း၊ ချတ္တီစ်ဂါပြည်နယ်ရှိ CGNet ကဲ့သို့သော အစိုးရမဟုတ်သောအဖွဲ့အစည်းအချို့ကလည်း ဝေးလံခေါင်ဖျားသော လူမျိုးစုဒေသများအတွင်းသတင်းများစုဆောင်းရယူရန်နှင့် ဖြန့်ဝေရန်တို့အတွက် မိုဘိုင်းဖုန်းကိုအသုံးချကြသည်။ ကျေးလက်နေပြည်သူများက အဆိုပါအစိုးရမဟုတ်သောအဖွဲ့အစည်းထံသတင်းပေးပြီး အဆိုပါသတင်းများကို ယင်းအဖွဲ့အစည်းက ၎င်းတို့၏ဝက်ဘ်ဆိုက်တွင် တင်သည်။ အဆိုပါသတင်းများအား နားဆင်လိုသူများအနေနှင့် အများပြည်သူဆိုင်ရာ အခမဲ့ဖုန်းနံပါတ်တစ်ခုကိုခေါ်ဆို၍ မိုဘိုင်းဖုန်းများမှ တစ်ဆင့်နားဆင်နိုင်သည်။

**ရုပ်မမြင်သံကြားဝန်ဆောင်မှု**

Access Agriculture နှင့် Digital Green တို့ကဲ့သို့သော အစိုးရမဟုတ်သောအဖွဲ့အစည်း(အန်ဂျီအို)များက လယ်သမားများနှင့်ကျေးလက်နေဆင်းရဲသားများ မိုဘိုင်းဖုန်းမှဖုန်းခေါ်၍နားဆင်နိုင်မည့် ဗီဒီယိုအသံများကို ဖန်တီး၍ ဖြန့်ဝေနိုင်ရန်အဆိုပါအန်ဂျီအိုများက အကူအညီပေးပြီး ယင်းဗီဒီယိုများကိုကြည့်ရှုနိုင်ရန်အတွက် အင်တာနက်မှရရှိနေရာအားလုံးအတွက် အဆင်ပြေချောမွေ့သော်လည်း အင်တာနက်လိုင်းမကောင်း သို့မဟုတ် အင်တာနက်မရှိသောနေရာများတွင်မူ အခက်အခဲရှိမည်ဖြစ်သည်။

ယင်းကဲ့သို့ ဗီဒီယိုများကြည့်ရှုရန် အခက်အခဲရှိသူများအနေနှင့် ဗီဒီယိုထဲမှရုပ်ကိုမမြင်ရသော်လည်း အသံကိုကြားရစေနိုင်မည့် ဝန်ဆောင်မှုကိုပေးခြင်းဖြစ်သည်။ အဆိုပါဝန်ဆောင်မှုကို ရယူလိုသူများအနေနှင့် ဖုန်းနံပါတ်တစ်ခုကို ခေါ်ဆို၍ မိမိနားထောင်လိုသော ဗီဒီယိုတစ်ခုကိုပေးကာ ဖုန်းဖြင့်ခေါ်ရန်တောင်းဆိုရမည်ဖြစ်သည်။

**လက်ဖဝါးထဲမှ မိတ္တူကူးစက်**

အိန္ဒိယနိုင်ငံ၌ စာရွက်စာတမ်းများအား စကင်ဖတ်ရန် သို့မဟုတ် ဓာတ်ပုံရိုက်ယူ သိမ်းဆည်းရန်တို့အတွက် မိုဘိုင်းဖုန်းကို တွင်တွင်ကျယ်ကျယ်အသုံးပြုလာကြသည်။ နမူနာအားဖြင့် အချက်အလက်ရေးသွင်းထားသော ဘဏ်ချေးငွေပုံစံဖောင် သို့မဟုတ် အစိုးရအသိအမှတ်ပြု ကတ်ပြားတစ်ခုခုအား မိတ္တူကူး၍ သိမ်းဆည်းထားလိုကောင်းလိုလိမ့်မည်။ သို့သော် မိတ္တူကူးစက်ကဲ့သို့သောအရာမျိုးက နေရာတိုင်း၌ရှိနေသောအရာမဟုတ်ပေ။ ထိုအခါမျိုးတွင် မိုဘိုင်းဖုန်းက အသုံးတည့်သွားသည်။

ကျောင်းသားများကလည်း ၎င်းတို့၏သင်ခန်းစာများ၊ စာရွက်စာတမ်းများကို စကင်ဖတ်သိမ်းဆည်းရန်အတွက် မိုဘိုင်းဖုန်းကို အသုံးချလေ့ရှိကြသည်။





**Ref: Five unusual ways in which Indians use mobile Phones By Tushar Banerjee**

အတွဲ-၂၊ အမှတ် ( ၅၀ )၊ ဖေဖော်ဝါရီ ၂၂ - ၂၈ ၊ ၂၀၁၄ ခုနှစ်



# ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင်ကိုယ်တိုင် သွားရောက်အဖမ်းခံ

ဖေဖော်ဝါရီ ၁၉

ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင် လီယိုပေါ်ဒိုလိုပက်ဇ်သည် ထောင်နှင့်ချီသော သူ့အပေါ်ထောက်ခံအားပေးသူများအား မိန့်ခွန်းပြောကြားပြီးနောက် အမျိုးသားလုံခြုံရေးအစောင့်တပ်ဖွဲ့ထံသို့ ကိုယ်တိုင်သွားရောက်အဖမ်းခံခဲ့သည်။

မိမိအနေနှင့် ယခုကဲ့သို့အဖမ်းခံခြင်းသည် ဗင်နီဇွဲလားနိုင်ငံ၏ တရားမျှတမှုမရှိသော တရားစီရင်ရေးစနစ်ကို သတိပြုမိစေလိမ့်မည်ဟုမျှော်လင့်ကြောင်း သူကပြောကြားသည်။

အစိုးရဆန့်ကျင်ရေးဆန္ဒပြမှုများတွင် ပါဝင်ပတ်သက်သော ကျောင်းသားများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်ဟူသော စွပ်စွဲချက်ဖြင့် အမေရိကန်ပြည်ထောင်စုမှ ကောင်စစ်ဝန်သုံးဦးကို ဗင်နီဇွဲလားသမ္မတနီကိုလပ်ဝဲမဒူရိုက တိုင်းပြည်မှနှင်ထုတ်မည်ဟု ကြေညာထားသည်။

ဗင်နီဇွဲလားနိုင်ငံ၌ ပြီးခဲ့သည့်သီတင်းပတ်တွင်ဖြစ်ပွားသော ပဋိပက္ခများအတွင်း ဆန္ဒပြသမားသုံးဦးသေဆုံးမှုနှင့်အတူ နိုင်ငံရေးဆိုင်ရာတင်းမာမှုနှင့် စုရုံးဆန္ဒပြမှုများ အရှိန်မြင့်လာသည်ကို တွေ့ရသည်။ ဖေဖော်ဝါရီ ၁၈ ရက်တွင် မြို့တော် ကရာကပ်စ်၌ပြုလုပ်မည့် လူထုချီတက်ဆန္ဒပြပွဲကို ဦးဆောင်ရန်ကတိပြုထားသော အတိုက်အခံခေါင်းဆောင် လီယိုပေါ်ဒိုလိုပက်ဇ်ကို အစိုးရက ဖမ်းဝရမ်းထုတ်ခဲ့ခြင်းဖြစ်သည်။

အစိုးရအတိုက်အခံဆန္ဒပြသမားများအား ဖမ်းဆီးမှုနှင့်ပတ်သက်၍စိုးရိမ်မကင်းဖြစ်မိကြောင်း အမေရိကန်ပြည်ထောင်စုက ထုတ်ဖော်ပြောဆိုခဲ့သည်။ သမ္မတမဒူရိုသည် အမျိုးသားရုပ်သံလိုင်းမှတစ်ဆင့် အမေရိကန်ကောင်စစ်ဝန်များအားနှင်ထုတ်ကြောင်း ကြေညာချက်ကို ထုတ်ပြန်ရာတွင် အဆိုပါကောင်စစ်ဝန်များမှာ မည်သူမည်ဝါဖြစ်သည်ကို ပြောဆိုသွားခြင်းမရှိပေ။ သို့သော် သူကနိုင်ငံခြားရေးဝန်ကြီးဌာနအနေနှင့် အသေးစိတ်အချက်အလက်များကို နောက်ပိုင်းတွင် ထုတ်ပြန်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဗင်နီဇွဲလားနိုင်ငံ၌ တင်းမာမှုများမြင့်တက်လာသည့်အပေါ် စိုးရိမ်ကြောင်းဖော်ပြသည့် ကြေညာချက်တစ်စောင်ကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ဖေဖော်ဝါရီ ၁၅ ရက်တွင်ထုတ်ပြန်ခဲ့သည်။ အထူးသဖြင့် ဗင်နီဇွဲလားအစိုးရက ဆန့်ကျင်ရေးဆန္ဒပြသမားများစွာကို ဖမ်းဆီးခြင်း သို့မဟုတ်ထိန်းသိမ်းခြင်းနှင့် အတိုက်အခံခေါင်းဆောင်လီယိုပေါ်ဒိုလိုပက်ဇ်အား ဖမ်းဝရမ်းထုတ်သည်ဟူသောသတင်းတို့အပေါ် ၎င်းတို့အနေနှင့် ထိတ်လန့်တုန်လှုပ်မိကြောင်း ယင်းကြေညာချက်တွင် ဖော်ပြသည်။

ဗင်နီဇွဲလားနိုင်ငံတွင် ငွေကြေးဖောင်းပွမှုနှုန်းမြင့်မားခြင်း၊ ရာဇဝတ်မှုထူပြောခြင်းနှင့် အခြေခံကုန်ပစ္စည်းများရှားပါးပြတ်လပ်ခြင်းတို့က အဓိက အတိုက်အခံများအတွက် မကျေနပ်မှုဖြစ်စရာအကြောင်းများပင်ဖြစ်သည်။ ကုန်ပစ္စည်းများရှားပါးပြတ်လပ်ခြင်းအတွက် ''အဖျက်အမှောင့်သမားများ''နှင့်''အမြတ်ကြီးစားအကျင့်ပျက်စီးပွားရေးသမားများ''ကြောင့်ဟုအပြစ်ပုံချသည်။

ကရာကပ်စ်မြို့တော်တွင် အတိုက်အခံဆန္ဒပြမှုများအဆုံး၌ အမျိုးသားသုံးဦးပစ်သတ်ခံခဲ့ရသည်။ အဆိုပါဖြစ်ရပ်ပြီး နောက်ချက်ချင်းဆိုသလိုပင် သမ္မတ နီကိုလပ်စ်မဒူရိုက မစ္စတာလိုပက်ဇ်ကို ဖမ်းဝရမ်းထုတ်ခဲ့ခြင်း ဖြစ်သည်။ မစ္စတာမဒူရိုက မစ္စတာလိုပက်ဇ်သည် ၎င်း၏လက်ဝဲယိမ်းအစိုးရအပေါ် အာဏာသိမ်းရန် လှုံ့ဆော်ကြံစည်မှု၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် အဆိုပါမငြိမ်သက်မှုများဖြစ်စေရန်လှုံ့ဆော်ခဲ့ကြောင်း စွပ်စွဲခဲ့သည်။ ဆန္ဒပြပွဲအတွင်း သေဆုံးသွားသူသုံးဦးကို ကော်လက်တီဗိုစ်ဟူ၍သိကြသည့် အစိုးရဘက်တော်သားပြည်သူ့စစ်များက သတ်ဖြတ်ခဲ့ခြင်းဖြစ်သည်ဟု အတိုက်အခံများက ဆိုသည်။

Ref: AP

# မိုင်းတွင်း၌ပိတ်မိနေသော တောင်အာဖရိကရွှေတူးသမားများ လွတ်မြောက်လာပြီးနောက် ဖမ်းဆီးခံရ



ဖေဖော်ဝါရီ ၁၈

တောင်အာဖရိကနိုင်ငံ၌ ရွှေသတ္တုတွင်းဟောင်းတစ်ခု၌ ပိတ်မိနေသော တရားမဝင်ရွှေတူးသမား ၁၀ဦး မြေပြင်ပေါ်ပြန်လည်ရောက်ရှိလာပြီဖြစ်ပြီးနောက်ဖမ်းဆီးခံလိုက်ကြရပြီး နောက်ထပ်မြေအောက်တွင် ကျန်ရစ်သူများလည်းရှိနေသေးသည်။

ရွှေတွင်းအနီးဝန်းကျင်၌ ရဲတပ်ဖွဲ့ဝင်မရှိကြောင်းပြောလိုက်ပြီးနောက်တွင် မိုင်းတွင်းထဲမှအမျိုးသားအချို့ထွက်လာခဲ့သည်။ သို့သော် ၎င်းတို့ ၁၀ ဦးစလုံး မိုင်းတွင်း အပြင်ဘက်ရောက်ရှိလာချိန်တွင် ပုန်းအောင်းနေသောရဲတပ်ဖွဲ့၏ ဖမ်းဆီးခြင်းကိုခံလိုက်ကြရသည်။ အဆိုပါ ရွှေတူးသမားများကို ၎င်းတို့၏ပြိုင်ဘက်အုပ်စုတစ်စုက မိုင်းတွင်းထဲပိတ်မိစေရန် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟု သတင်းများတွင်ဖော်ပြသည်။

ပထမအကြိမ်တွင် ၎င်းတို့သည် ဖမ်းဆီးခံရမည်ကိုစိုးရိမ်သဖြင့် မိုင်းတွင်းထဲမှထွက်လာရန်ငြင်းဆိုခဲ့ကြသည်။ ဂျိုဟန်နက်စ်ဘတ်ဂ်မြို့အနီး အသုံးမပြုဘဲစွန့်ပစ်ထားသော သတ္တုတွင်းပတ်လည်မှ ရှုခင်းပုံစံသည် အလားတူစွန့်ပစ်ထားသော သတ္တုတွင်းအပေါက်များဖြင့်ပြည့်နှက်နေသည်။ အဆိုပါမိုင်းတွင်းများ၌ ရွှေများကျန်ရှိနိုင်သည့် အလားအလာက ယင်းဒေသတွင်းမှအမျိုးသားများကို ဆွဲဆောင်ခဲ့သည်။

မိုင်းတွင်းထဲမှ အမျိုးသားအချို့သည်လည်း ၎င်းတို့ရှာဖွေတွေ့ရှိထားသော ရွှေများ ဆုံးရှုံးမည်ကိုစိုးရိမ်သဖြင့် မြေပြင်ပေါ်သို့တက်မလာကြဘဲ ပေခံနေကြသည်။ ကနဦးထုတ်ပြန်ခဲ့သောသတင်းများတွင် မိုင်းတွင်းထဲ၌ ကျန်ရှိနေသောရွှေတူးသမား ၂၀၀အထိများနိုင်ကြောင်းဖော်ပြခဲ့ပြီး ယခုအခါ၌မူ မြေအောက်၌ ၁၅ဦးခန့်သာရှိမည်ဟုခန့်မှန်းထားကြသည်။ ကြီးမားကျယ်ပြန့်လှသော မြေအောက်ဥမင်လမ်းကြောင်းကွန်ရက်ထဲ၌ ကျန်ရှိနေသူမည်မျှရှိသည်ကို တိတိကျကျမသိသကဲ့သို့ ယခုလုပ်ငန်းစဉ်အဆုံးသတ်လိုက်ခြင်းရှိမရှိဆိုသည့်အချက်ကိုလည်း မရှင်းလင်းသေးပေ။

ရွှေတူးသမားများသည် အများအားဖြင့် အစားအစာနှင့်ရေ အလုံအလောက်ရှိထားကြပြီး မြေအောက်၌ရက်အတန်ကြာ အသက်ရှင်နေထိုင်နိုင်ကြသည်။ မိုင်းတွင်းထဲမှ အမျိုးသားတစ်ဦးမှာ တွင်းဝအနီးရောက်ရှိလာပြီးမှ ကင်မရာများကိုမြင်တွေ့ကာ တွင်းထဲသို့ပြန်ဝင်သွားသည်။ ရွှေတူးသမားအများစုသည် လီဆိုသို၊ မိုဇမ်ဘစ်နှင့် ဇင်ဘာဘွေနိုင်ငံတို့မှ ဖြစ်ကြောင်း အစိုးရတာဝန်ရှိသူများက ဆိုသည်။

Ref: Reuters

# မြေမြှုပ်မိုင်းဆန့်ကျင်ရေးအဖွဲ့ လိမ်လည်မှုအရှုပ်တော်ပုံ၌ ဂရိသံတမန်များပါဝင်

ဖေဖော်ဝါရီ ၁၈

ဂရိနိုင်ငံ၌သံတမန်သုံးဦးအပါအဝင် စုစုပေါင်းလူရှစ်ဦးသည် မြေမြှုပ်မိုင်းရှင်းလင်းရေး ပရဟိတအဖွဲ့အစည်းတစ်ခု ပါဝင်ပတ်သက်သည့်လိမ်လည်မှုဟုဆိုသော အရှုပ်တော်ပုံတွင် ဆက်နွှယ်ပါဝင်မှုစွဲချက်ဖြင့် ရင်ဆိုင်ရတော့မည်ဖြစ်သည်။ အမည်ဖော်ပြမထားသော အဆိုပါပရဟိတအဖွဲ့အစည်း၏ အကြီးအကဲဟောင်းနှင့် ၎င်း၏ဇနီးဖြစ်သူတို့သည်လည်း ကာလတာရှည်လုပ်ဆောင်နေသော အဆိုပါစုံစမ်းစစ်ဆေးမှုအတွင်း အပါအဝင်ဖြစ်သည်။ ယခုစွဲချက်များသည် ၂၀၀၀ ပြည့်နှစ်နှင့် ၂၀၀၄ ခုနှစ်အကြား ဂရိနိုင်ငံခြားရေးဝန်ကြီးဌာနက ယင်းအန်ဂျီအိုအဖွဲ့အစည်းသို့ပေးခဲ့သည့် ယူရိုငွေကိုးသန်း (အမေရိကန်ဒေါ်လာ ၁၂သန်း)နှင့် ဆက်နွှယ်နေသည်။

ဘော့စနီးယား-ဟာဇီဂိုဗီးနား၊ အီရန်နှင့် လက်ဘနွန်တို့တွင် မိုင်းရှင်းလင်းရေးလုပ်ဆောင်ရန် ပေးအပ်ထားသော ရန်ပုံငွေများကို တရားမဝင်နည်းလမ်းဖြင့် ရယူခဲ့ကြသည်ဟု ရဲတပ်ဖွဲ့ကစွပ်စွဲထားသည်။ အဆိုပါပရဟိတအဖွဲ့အစည်းသည် ရန်ပုံငွေလိုအပ်ချက်များကို ပြည့်မီအောင်ဖြည့်စွမ်းခဲ့ခြင်းမရှိဟု စုံစမ်းစစ်ဆေးသူများက ယုံကြည်ထားသည်။ ယင်းအချိန်က ဂရိနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အခြားသောဝန်ကြီးဌာနများ၌လုပ်ကိုင်နေသော အကြီးတန်းတာဝန်ရှိသူများသည် အဆိုပါငွေကြေးအရှုပ်တော်ပုံတွင် ပါဝင်ပတ်သက်နေကြောင်း ဂရိသတင်းဌာန ANA-MPAကဖော်ပြသည်။ သံသယရှိသူလူရှစ်ဦးသည် အခွန်ထမ်းများ၏ငွေကြေးများအား မသင့်တော်သော နည်းလမ်းဖြင့် ရယူခဲ့သည်ဟူသောစွဲချက်များကို ရင်ဆိုင်ကြရမည်ဖြစ်သည်။




Ref: Reuters

# ဆီးရီးယားအစိုးရဘက်မှ ဆက်လက်တိုက်ပေးရန် ဟစ်ဇ်ဘိုလာခေါင်းဆောင် သန္နိဋ္ဌာန်ချ

ဖေဖော်ဝါရီ ၁၇

လက်ဘနွန်နိုင်ငံမှ ရှီးယားစစ်သွေးကြွဟစ်ဇ်ဘိုလာလှုပ်ရှားမှုအဖွဲ့ခေါင်းဆောင် ဟတ်ဆန်နဗ်စ်ရယ်လာက ၎င်း၏တပ်ဖွဲ့ဝင်များသည် ဆီးရီးယား၌ဖြစ်ပွားနေသော ပြည်တွင်းစစ်အတွင်း ဆီးရီးယားအစိုးရတပ်ဖွဲ့များနှင့်အတူ ဆက်လက်တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း ပြောဆိုသည်။

ဖေဖော်ဝါရီ ၁၆ရက်တွင်ထုတ်လွှင့်သော ရုပ်သံမိန့်ခွန်းတစ်ရပ်၌ သူက ဆီးရီးယား၌စစ်ပွဲများရပ်တန့်သွားစေရန်အတွက် အာရပ်ကမ္ဘာအတွင်း နိုင်ငံရေးအရဖိအားပေးရန်ပန်ကြားလိုက်သည်။ စစ်ပွဲများရပ်တန့်သွားမည်ဆိုပါက သူ၏တပ်ဖွဲ့များသည်လည်း ဆီးရီးယားမှအမှန်တကယ်ဆုတ်ခွာမည်ဖြစ်ကြောင်း သူကဆိုသည်။

ဟစ်ဇ်ဘိုလာအဖွဲ့၏ ဆီးရီးယားအစိုးရအတွက် ရပ်တည်တိုက်ခိုက်ပေးနေသည့်အခြေအနေကြောင့် ဆီးရီးယားနှင့်လက်ဘနွန်နယ်စပ်၌ အကြမ်းဖက်မငြိမ်သက်မှုများ အရှိန်မြင့်လာခြင်းနှင့်အတူ လက်ဘနွန်နိုင်ငံအတွင်း၌လည်း လူမျိုးရေးဆိုင်ရာတင်းမာမှုများကို မီးထိုးပေးသကဲ့သို့ရှိနေသည်။ ဟစ်ဇ်ဘိုလာတပ်ဖွဲ့များက ဆီးရီးယားနိုင်ငံ၌ သမ္မတဘာရှာအယ်လ်အာဆတ်ကို အားပေးကူညီ၍ တိုက်ခိုက်နေစဉ်မှာပင် လက်ဘနွန်ရှိ ဆွန်နီမွတ်ဆလင်များက ဆီးရီးယားအတိုက်အခံများကိုကျောထောက်နောက်ခံပေးလိုဟန်ရှိနေသည်။

ပြီးခဲ့သောလများအတွင်း လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့တော်နှင့် နိုင်ငံမြောက်ပိုင်းရှိ ထရီပိုလီမြို့တို့တွင် အသေခံဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွားခဲ့ပြီး လူဒါဇင်ပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ရသည်။ အဆိုပါတိုက်ခိုက်မှုများအတွက် ဆွန်နီနှင့် ရှီးယားစစ်သွေးကြွနှစ်ဖက်စလုံးက အပြန်အလှန်အပြစ်ပုံချနေကြသည်။ ဟစ်ဇ်ဘိုလာခေါင်းဆောင်က ဆွန်နီအစွန်းရောက်စစ်သွေးကြွများကို မနှိမ်နင်းနိုင်သေးသမျှကာလပတ်လုံး ဆီးရီးယားသမ္မတဘာရှာအယ်လ်အာဆတ်၏တပ်ဖွဲ့များနှင့်အတူ တိုက်ပွဲဝင်သွားရန် ရုပ်သံမိန့်ခွန်း၌ ကတိပြုခဲ့သည်။

Ref: Reuters

# ဗန်ကောက်၌ ထိုင်းရဲတပ်ဖွဲ့နှင့် ဆန္ဒပြသမားများအကြား ပဋိပက္ခကြောင့်သေဆုံးထိခိုက်မှုများဖြစ်ပွား

ဖေဖော်ဝါရီ ၁၉

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တော်၌ ထိုင်းရဲတပ်ဖွဲ့က ဆန္ဒပြသမားများအခြေချနေရာများအား ရှင်းလင်းဖယ်ရှားမှု စတင်စဉ်မှာပင် အကြမ်းဖက်မငြိမ်သက်မှုများ ပေါ်ထွက်ခဲ့ရာမှ အနည်းဆုံးလူလေးဦး သေဆုံးပြီး ဒါဇင်နှင့်ချီ၍ ထိခိုက်ဒဏ်ရာရရှိသွားခဲ့သည်။

ပြီးခဲ့သောနှစ်နှောင်းပိုင်းကတည်းက ဆန္ဒပြသမားများပိတ်ဆို့ထားခဲ့သည့် အစိုးရရုံးအဆောက်အအုံများကို ပြန်လည်ထိန်းချုပ်နိုင်ရေးအတွက် ရဲတပ်ဖွဲ့ကကြိုးပမ်းနေခြင်းဖြစ်သည်။ တစ်ချိန်တည်းမှာပင် ထိုင်းဝန်ကြီးချုပ်ယင်လပ်ရှင်နာဝပ်ကို အငြင်းပွားဖွယ်ဆန်စပါးအမတော်ကြေးအစီအစဉ်နှင့် ပတ်သက်၍ တရားစွဲဆိုမည်ဖြစ်ကြောင်း ထိုင်းအကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေး အဖွဲ့အစည်းက ပြောကြားသည်။

ထိုင်းနိုင်ငံ၌ ပြီးခဲ့သောနိုဝင်ဘာလမှစ၍ အစိုးရဆန့်ကျင်ရေးဆန္ဒပြမှုများပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။ ယခုပဋိပက္ခများအတွင်း သေဆုံးခဲ့ရသူများထဲတွင် ရဲတပ်ဖွဲ့ဝင်တစ်ဦးလည်း အပါအဝင်ဖြစ်သည်။ ဆန္ဒပြစခန်းများရှင်းလင်းရေး၌ ရဲတပ်ဖွဲ့အင်အား ၁၅,၀၀၀ ခန့်ပါဝင်ကြောင်း အာဏာပိုင်များကဆိုသည်။ နောက်ထပ် ရဲတပ်ဖွဲ့ဝင်အချို့လည်း ဆန္ဒပြသမားများကပစ်သည်ဟု ထင်ရှားသောဗုံးတစ်လုံးကြောင့် ပြင်းပြင်းထန်ထန်ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည်။ ၎င်းတို့အား လက်ဖြောင့်သေနတ်များဖြင့်ပစ်မှတ်ထားတိုက်ခိုက်သည်ဟုလည်း ရဲတပ်ဖွဲ့ကအခိုင်အမာပြောဆိုသည်။

အဆိုပါစစ်ဆင်ရေးအတွင်း ရဲတပ်ဖွဲ့များကလည်း သေနတ်ဖြင့်ပစ်ခတ်မှုများရှိခဲ့သည်။ ဆန္ဒပြသမား ၂၀၀နီးပါးကို ဖမ်းဆီးခဲ့ပြီး ဆန္ဒပြသမားများထံမှ ပထမဆုံး အခြေချစခန်းငါးခုကို အောင်မြင်စွာပြန်လည်ထိန်းချုပ်ရယူနိုင်ပြီဖြစ်ကြောင်း ရဲတပ်ဖွဲ့က ဆိုသည်။ ဆန္ဒပြသမားများသည် အစိုးရအဖွဲ့နုတ်ထွက်ပေးရန်တောင်းဆို၍ ပြီးခဲ့သောလအနည်းငယ်တွင် အစိုးရအဆောက်အအုံ နေရာများအား သိမ်းပိုက်နေရာယူထားခဲ့သည်။ ယခုသီတင်းပတ်တွင် ပိုင်းရုံပိတ်ဆို့ခံထားရသော အဆိုပါအဆောက်အအုံများကို ပြန်လည်ရယူထိန်းချုပ်ရန်ရည်ရွယ်ထားကြောင်းအစိုးရကထုတ်ပြန်ကြေညာခဲ့သည်။

ဆန္ဒပြသမားများ အဓိကဗဟိုအချက်အချာဖြစ်သော လှုပ်ရှားရာနေရာမှာ အစိုးရအိမ်တော်ဖြစ်သည့် ဝန်ကြီးချုပ်ရုံးဖြစ်သည်။ ဖေဖော်ဝါရီ ၁၇ရက်တွင် ယင်းအဆောက်အအုံအပြင်ဘက်၌ ထောင်နှင့်ချီသောဆန္ဒပြသမားများ စုဝေးခဲ့ကြပြီး လုပ်ငန်းခွင်ပြန်ဝင်မည့်အစိုးရတာဝန်ရှိသူများကို မဝင်ရောက်နိုင်စေရန် ကြိုးပမ်းအားထုတ်မည့်အနေနှင့် အဝင်ဂိတ်တံခါးကိုပိတ်ထားခဲ့ကြသည်။ ဖေဖော်ဝါရီ ၁၈ရက်အစောပိုင်းတွင် ရဲတပ်ဖွဲ့သည် ဆန္ဒပြသမားများအား စတင်ဖြိုခွင်းခဲ့သည်။ ထို့နောက်တွင် အကြမ်းဖက်မငြိမ်သက်မှုသည် ဗန်ကောက်မြို့လယ်ရှိ ဒီမိုကရေစီ အထိမ်းအမှတ် အဆောက်အအုံနေရာအနီး၌ ပေါ်ထွက်လာခဲ့သည်။

ဖေဖော်ဝါရီ ၁၈ရက်တွင် ထိုင်း အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးကော်မရှင်က မစ္စယင်လပ်ကို အစိုးရ၏ဆန်စပါးအမတော်ကြေးအစီအစဉ်အား မသင့်လျော်စွာ လုပ်ဆောင်ခဲ့မှုဖြင့် တရားစွဲဆိုမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။ အဆိုပါအမတော်ကြေးအစီအစဉ်ဖြင့် အစိုးရက ပြီးခဲ့သည့်နှစ်နှစ်အတွင်း လယ်သမားများထံမှ သီးနှံများကို ကမ္ဘာ့ဈေးကွက်ပေါက်ဈေးထက် ၅၀ရာခိုင်နှုန်းအထိဈေးပိုပေး၍ ဝယ်ယူရန်ကတိပြုခဲ့သည်။ ဝန်ကြီး ချုပ်ကိုတရားစွဲဆိုမှုအား ကြားနာရန် ဖေဖော်ဝါရီ ၂၇ရက်တွင် ဆင့်ခေါ်မည် ဖြစ်ကြောင်း ကော်မရှင်က ဆိုသည်။ မစ္စယင်လပ်အနေနှင့် စွပ်စွဲပြစ်တင်ခံရပြီး အစိုးရတာဝန် များမှဖယ်ရှားခံရရန် အလားအလာရှိကြောင်း သတင်းများကဆိုသည်။

အစိုးရဆန့်ကျင်ရေးဆန္ဒပြသမားများက သူမအား ရာထူးမှဆင်းပေးစေလိုပြီး သူမ၏အစိုးရအဖွဲ့နေရာတွင် ရွေးကောက်ခံမဟုတ်သော ပြည်သူ့ကောင်စီကို အစားထိုး၍ နိုင်ငံရေးစနစ်ကိုပြုပြင်ပြောင်းလဲလိုနေကြသည်။ ဆန္ဒပြသမားများက အသပြာနိုင်ငံရေးသည် ထိုင်းနိုင်ငံ၏ဒီမိုကရေစီကို ပျက်စီးစေခဲ့သည် ဟူ၍လည်းကောင်း၊ မစ္စယင်လပ်ကို သူမ၏အစ်ကိုဖြစ်သူဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်က ထိန်းချုပ်ကိုင်တွယ်နေသည် ဟူ၍လည်းကောင်း စွပ်စွဲထားကြသည်။

**Ref: CNA**






# ယူကရိန်းပါလီမန်အနီးဝန်းကျင်၌ဆန္ဒပြသမားများနှင့် ရဲတပ်ဖွဲ့အကြားပဋိပက္ခကြောင့်လူသေဆုံးဒဏ်ရာရမှုများပြား

ဖေဖော်ဝါရီ ၁၈

ယူကရိန်းနိုင်ငံ၊ ကိဗ်မြို့တော်၌ ဆန္ဒပြသမားများနှင့် ရဲတပ်ဖွဲ့တို့အကြား အကြမ်းဖက်ပဋိပက္ခများဖြစ်ပွားခဲ့ရာမှ ရဲတပ်ဖွဲ့ဝင်အမျိုးသားသုံးဦးအပါအဝင် အနည်းဆုံးလူ ၂၁ ဦးသေဆုံးသွားသည်။

သီတင်းပတ်များအတွင်း အဆိုးဝါးဆုံးဖြစ်သည့် အဆိုပါ အကြမ်းဖက်မငြိမ်သက်မှုအတွင်း ပါလီမန်သို့ ချီတက်ဆန္ဒပြသော ထောင်နှင့်ချီသည့် ဆန္ဒပြသမားများကို ရပ်တန့်စေရန်အတွက် ရဲတပ်ဖွဲ့က ရော်ဘာကျည်ဆန်များနှင့် မူးမေ့လဲစေသောဗုံးများ အသုံးပြုခဲ့သည်။ ဖေဖော်ဝါရီ ၁၈ရက်တွင် ထောင်နှင့်ချီသော ဆန္ဒပြသမားများသည် အခြေခံဥပဒေပြုပြင်ပြောင်းလဲရေးအတွက် အစိုးရကို ဖိအားပေးရန် လွှတ်တော်အဆောက်အအုံ၌ စုရုံးဆန္ဒပြကြရန် ကြိုးပမ်းခဲ့ကြသည်။ သို့သော် ချီတက်ဆန္ဒပြမှုကို ရဲတပ်ဖွဲ့ယာဉ်များ တန်းစီကာပိတ်ဆို့ထားဖြစ်ခဲ့သည်။ ယခုပဋိပက္ခ စတင်ဖြစ်ပွားရခြင်း အကြောင်းနှင့်ပတ်သက်၍ ရှင်းလင်းမှုမရှိသေးဘဲ ဆန္ဒပြသမားများနှင့် ရဲတပ်ဖွဲ့နှစ်ဖက်စလုံးက အပြန်အလှန် အပြစ်ဖို့ခဲ့ကြသည်။

ပါလီမန်နှင့်နီးသော အဆောက်အအုံတစ်ခုအတွင်း၌ ဆန္ဒပြသမားသုံးဦး၏ရုပ်အလောင်းများကို တွေ့ရှိခဲ့သည်။ အခြားရုပ်အလောင်းသုံးလောင်းမှာ လမ်းပေါ်၌လဲကျလျက်တွေ့မြင်ရသည်။ ရဲတပ်ဖွဲ့ဝင်တစ်ဦးမှာ လည်ပင်း၌ သေနတ်ထိမှန်ကာ သေဆုံးခဲ့ခြင်း ဖြစ်သည်ဟု ပြည်ထဲရေးဝန်ကြီးဌာနက ဆိုသည်။ ဒါဇင်နှင့်ချီသောဆန္ဒပြသမားများနှင့် လုံခြုံရေးဝန်ထမ်းများလည်း ထိခိုက်အနာတရရရှိခဲ့ကြသည်ဟု သတင်းရရှိသည်။

လုံခြုံရေးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနအကြီးအကဲတို့က ဆန္ဒပြသမားများအား ပဋိပက္ခများရပ်တန့်ရန် နောက်ဆုံးအချိန်အဖြစ် ညနေ ၆နာရီအထိ သတ်မှတ်ပေးခဲ့ပြီး ၎င်းတို့အနေနှင့် ပဋိပက္ခများအဆုံးသတ်ရန် ဖြစ်နိုင်ခြေရှိသည့်နည်းလမ်းအားလုံးအသုံးပြုသွားမည်ဖြစ်ကြောင်း သတိပေးခဲ့သည်။

**Ref: Reuters**



## အမေရိကန်နျူကလီးယားစက်ရုံနေရာသို့ ဖောက်ထွင်းဝင်ရောက်ခဲ့သူ ခရစ်ယာန်သီလရှင်အဘွားအိုကို ပြစ်ဒဏ်ချ

ဖေဖော်ဝါရီ ၁၉

အမေရိကန်ပြည်ထောင်စုရှိနျူကလီးယားကာကွယ်ရေးစက်ရုံနေရာတစ်ခုအတွင်းသို့ ဖောက်ထွင်းဝင်ရောက်ခဲ့စဉ် ပျက်စီးဆုံးရှုံးမှုများဖြစ်စေခဲ့ခြင်းအတွက် ကက်သိုလစ်ခရစ်ယာန်သီလရှင်အဖွားအိုတစ်ဦးကိုထောင်ဒဏ်သုံးနှစ်နီးပါးကျခံရန် ပြစ်ဒဏ်ချမှတ်လိုက်သည်။

အသက်၈၄နှစ်အရွယ်ရှိ ခရစ်ယာန်သီလရှင်မီဂန်ရိုက်စ်နှင့် အခြားသောဆန္ဒပြသမားနှစ်ဦးသည် ယူရေနီယံထုတ်လုပ်သို လှောင်သောတင်နက်ဆီပြည်နယ် အုတ်စ်ရစ်ဂ်ရှိစက်ရုံဝင်းအတွင်းသို့ ခြံစည်းရိုးကိုဖြတ်တောက်၍ ဝင်ရောက်ခဲ့သည်။ အခြားနှစ်ဦးဖြစ်သည့် မိုက်ကယ်ဝေါလီနှင့် ဂရက်ဘိုးကျီအိုဂက်တို့ကို ထောင်ဒဏ်နှစ် နှစ်ကျော်ကျခံရန် ပြစ်ဒဏ်ချမှတ်ခဲ့သည်။

၂၀၁၂ခုနှစ် ဇူလိုင်လတွင် ဖြစ်ပွားခဲ့သော အဆိုပါဖြစ်ရပ်ကြောင့် Y-12 နျူကလီးယားစက်ရုံနေရာ၌ လုံခြုံရေးဆိုင်ရာအပြောင်းအလဲများဖြစ်စေခဲ့သည်။ Transform Now Plowshares အဖွဲ့၏ အဖွဲ့ဝင်များဖြစ်သော အဆိုပါငြိမ်းချမ်းရေး တက်ကြွလှုပ်ရှားသူကို အစိုးရပိုင်ပစ္စည်းများ အမေရိကန် ဒေါ်လာ ၁၀၀ကျော် ဖိုးပျက်စီးစေခဲ့မှုဖြင့်လည်း အပြစ် ရှိကြောင်းတွေ့ရှိခဲ့သည်။ ၎င်းတို့ သုံးဦးသည် အဆိုပါနေရာ၌ ခြံ စည်းရိုးကိုဖြတ်တောက်ဝင်ရောက် ခြင်း၊ ယင်းနယ်မြေအတွင်း လှည့် ပတ်သွားလာခြင်း၊ စပရေးဘူးများ ဖြင့် စာများရေးသားခြင်း၊ တူများ ဖြင့်နံရံများကို ထုနက်ခြင်းတို့ကို ပြုလုပ်ကြောင်း ဝန်ခံခဲ့သည်။ ၎င်း တို့သည် အဆိုပါ စက်ရုံဝင်းအတွင်း နှစ်နာရီကြာအချိန်ဖြုန်းခဲ့ကြသည်။

**Ref: Reuters**

# အခြေခံဥပဒေပြောင်းလဲရန် ယူကရိန်းအတိုက်အခံ ဖိအားပေးမည်

ဖေဖော်ဝါရီ ၁၈

သမ္မတဗစ်တာယာနူကိုဗစ်၏ အာဏာကို ထိန်းချုပ်ဟန့်တားနိုင်ရန်အတွက် ရည်ရွယ်ကာ အခြေခံဥပဒေပြောင်းလဲရေး ပါလီမန်အတွင်း၌မဲခွဲအတည်ပြုရန် ယူကရိန်းနိုင်ငံ၏ အတိုက်အခံကဖိအားပေးမည်ဖြစ်သည်။

အခြေခံဥပဒေပြောင်းလဲမှု မအောင်မြင်ပါက နောက်ထပ်အစိုးရဆန့်ကျင်ရေးဆန္ဒပြမှုများ အင်အားကြီးမားစွာဖြစ်ပွားလာရန် နှိုးဆွပေးသကဲ့သို့ ဖြစ်လာဖွယ်ရှိကြောင်း အတိုက်အခံများက ထပ်ကာတလဲလဲသတိပေးခဲ့သည်။ ယူကရိန်းနိုင်ငံ၊ ကိဗ်မြို့တော်ရှိ ပါလီမန်အဆောက်အအုံ အပြင်ဘက်တွင်စုဝေးဆန္ဒပြမှုတစ်ခုဖြစ်ပွားလာမည်ဟုလည်း မျှော်လင့်ရသည်။

ပါလီမန်ထဲတွင် အများစုဖြစ်သော သမ္မတအားထောက်ခံသူအမတ်များက ၂၀၁၄ အခြေခံဥပဒေအား ပြန်လည်အသက်သွင်းရန်ကြိုးပမ်းမှုများကို ဆန့်ကျင်ခဲ့ကြသည်။ သီးခြားသတင်းတစ်ပုဒ်အနေနှင့် ရုရှားအစိုးရက ယူကရိန်းနိုင်ငံအား ယခုသီတင်းပတ်တွင် အမေရိကန်ဒေါ်လာ ၂ ဘီလီယံ အကူအညီအသစ်တစ်ခု ပေးမည်ဟု ရုရှားဘဏ္ဍာရေးဝန်ကြီး အန်တွန်ဆီလန်နော့ဗ်က ပြောကြားသည်။ ဒီဇင်ဘာလ အတွင်းက ရုရှားအစိုးရသည် ယူကရိန်းနိုင်ငံ၏ရုန်းကန်နေရသော စီးပွားရေးအခြေအနေ ပြန်လည်ကောင်းမွန်စေရေးအတွက် အမေရိကန်ဒေါ်လာ ၁၅ဘီလီယံအကူအညီပေးရန် ကတိကဝတ် ပြုခဲ့သော်လည်း



အမေရိကန်ဒေါ်လာ ၃ဘီလီယံသာ လွှဲပြောင်းပေးထားသေးသည်။

ပြီးခဲ့သည့်လတွင် ယူကရိန်းဝန်ကြီးချုပ် မီကိုလာအဇာရော့ဗ် ရာထူးမှနုတ်ထွက်သွားပြီးနောက် ရုရှားအစိုးရက ၎င်းတို့လက်သင့်ခံနိုင်သော အစိုးရသစ်တစ်ရပ် ဖွဲ့စည်းပြီးသည့်အချိန်မတိုင်မီအထိ အကူအညီများကို ထိန်းချုပ်ကန့်သတ်ထားရန် အရိပ်အခြေပြခဲ့သည်။ နိုဝင်ဘာလအတွင်း ယူကရိန်းသမ္မတယာနူကိုဗစ်က ဥရောပသမဂ္ဂနှင့်ပေါင်းစည်း၍ လွတ်လပ်ရေးကုန်သွယ်မှုသဘောတူညီချက်ရယူရေးကို နောက်ဆုတ်လိုက်ပြီး ယင်းအစား ရုရှားနိုင်ငံနှင့် ချေးငွေဆိုင်ရာသဘောတူညီချက်ရယူခဲ့ပြီးနောက်တွင် ယူကရိန်း၌မငြိမ်သက်မှုများ စတင်ဖြစ်ပွားခဲ့သည်။

မော်စကိုအစိုးရက ယူကရိန်းနိုင်ငံကို ရုရှားဦးဆောင်သော Customs Union သို့ ဝင်ရောက်စေလိုသည်။ အဆိုပါအဖွဲ့၌ ဘီလာရုစ်နှင့် ကာဇက်စတန်နိုင်ငံတို့လည်းအဖွဲ့ဝင်အဖြစ် ပါဝင်ကြသည်။ ဥရောပနှင့် ရုရှားနိုင်ငံတို့က ယူကရိန်းနိုင်ငံ၏ပြည်တွင်းရေးအပေါ် ဝင်ရောက်စွက်ဖက်ကြောင်း အပြန်အလှန်စွပ်စွဲခဲ့ကြသည်။

ယူကရိန်းပါလီမန်အစည်းအဝေးကို ဒေသစံတော်ချိန် နံနက် ၁၀နာရီ၌ စတင်တော့မည်ဖြစ်သည်။ အတိုက်အခံအုပ်စုက ၂၀၀၄ အခြေခံဥပဒေကိုပြန်လည်အသက်သွင်းရေးအတွက် သီတင်းပတ်အတန်ကြာဖိအားပေးလျက်ရှိသည်။ ယင်းအခြေခံဥပဒေအရဆိုလျှင် ၂၀၁၀ခုနှစ် ရွေးကောက်ပွဲအနိုင်ရပြီးချိန်မှစ၍ ရရှိထားသောအာဏာအချို့ကို သမ္မတယာနူကိုဗစ်အနေနှင့် ဆုံးရှုံးရလိမ့်မည်ဖြစ်သည်။ အဆိုပါဥပဒေကို အသက်သွင်းနိုင်မည်ဆိုပါက ဝန်ကြီးချုပ်နှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးမှူးများကဲ့သို့သော အစိုးရအဖွဲ့ဝင်များကို သမ္မတက ခန့်အပ်ခွင့်မရဘဲ ပါလီမန်ကခန့်အပ်ရမည်ဖြစ်သည်။ ယင်းဥပဒေ အတည်ပြုနိုင်လျှင် အတိုက်အခံများ အဓိက တောင်းဆိုနေသည့် သမ္မတရွေးကောက်ပွဲ အလျင်အမြန် ပြုလုပ်ရေးလည်း ဖြစ်သွားစေနိုင်သည်။

Ref: AP

# ဘင်္ဂဒက်မြို့တော်၌ ကားဗုံးများအတွဲလိုက်ပေါက်ကွဲမှု ဖြစ်ပွား၍ အနည်းဆုံးလူ ၄၉ဦးသေဆုံး

ဖေဖော်ဝါရီ ၁၈

အီရတ်နိုင်ငံ ဘင်္ဂဒက်မြို့တော်နှင့် ဟီလာမြို့တို့တွင် ကားဗုံးပေါက်ကွဲမှုများအတွဲလိုက်ဖြစ်ပွားပြီး အနည်းဆုံးလူ ၄၉ဦးသေဆုံးခဲ့ရကြောင်း အစိုးရတာဝန်ရှိသူများကပြောကြားသည်။

ယခုပေါက်ကွဲမှုများသည် ဘင်္ဂဒက်မြို့တော်၌ ဗုံးပေါက်ကွဲမှုများအတွင်း အနည်းဆုံးလူ ၂၃ဦးသေဆုံးခဲ့ရသည့်ဖြစ်ရပ်ဖြစ်ပွားပြီး တစ်ရက်အကြာတွင် ပေါ်ထွက်လာခြင်းဖြစ်သည်။ ပြီးခဲ့သည့်လတွင် ရှီယာလူမျိုးများနှင့် အစိုးရအပေါ် အများအားဖြင့် ပစ်မှတ်ထားခဲ့သော တိုက်ခိုက်မှုများကြောင့် အီရတ်နိုင်ငံတစ်လွှားတွင် လူပေါင်းတစ်ထောင်ကျော်သေဆုံးခဲ့ရသည်။

ယခုတိုက်ခိုက်မှုကို လုပ်ဆောင်ခဲ့ကြောင်း ထုတ်ဖော်ပြောဆိုသည့် အုပ်စုမရှိသေးသော်လည်း ယခင်က ရှီယာလူမျိုးများနေထိုင်ရာနယ်မြေများကို ဆွန်နီစစ်သွေးကြွအုပ်စုများက ပစ်မှတ်ထားတိုက်ခိုက်ခဲ့ဖူးသည်။ ဟီလာမြို့မှဆေးဘက်ဆိုင်ရာ သတင်းအရင်းအမြစ်များက ကားဗုံးပေါက်ကွဲမှုခုနစ်ခုမှသေဆုံးသူရုပ်အလောင်း ၃၅လောင်းကို ဆေးရုံကလက်ခံရရှိခဲ့ကြောင်း ပြောဆိုကြသည်။ ဘင်္ဂဒက်မြို့တော်၌ရှီယာလူမျိုးအများစုနေထိုင်ရာခရိုင်များအတွင်း ဗုံးပေါက်ကွဲမှုများကြောင့် အနည်းဆုံး ၁၄ဦးသေဆုံးခဲ့ရသည်။

တိုက်ခိုက်မှုတစ်ခု၌ ရပ်နားထားသော ယာဉ်တစ်စီးအတွင်းရှိ ဗုံးတစ်လုံးမှာ ဘင်္ဂဒက်မြို့တော်၏ ဘယားခရိုင်အတွင်းရှိ ဘတ်စ်ကားဂိတ်တစ်ခုအနီး ပေါက်ကွဲခဲ့ရာမှ လူ၄ဦး သေဆုံးခဲ့ရသည် ဟု သတင်းအရင်းအမြစ်များက ဆိုသည်။ ဖေဖော်ဝါရီ ၁၈ရက်တွင် ဖြစ်ပွားခဲ့သည့် အဆိုပါပေါက်ကွဲမှုအားလုံးသည် စီးပွားရေးလုပ်ငန်းများရှိရာ နယ်မြေများနှင့်ဘတ်စ်ကားဂိတ်တို့၏အတွင်း၌ သို့မဟုတ် အနီးဝန်းကျင်၌ရပ်ထားသော ကားများမှဖြစ်ကြောင်း ရဲတပ်ဖွဲ့ကဆိုသည်။

Ref: Reuters

# အီဂျစ်တွင် ကမ္ဘာလှည့်ခရီးသည်တင်ဘတ်စ်ကားအား ဗုံးခွဲတိုက်ခိုက်ခဲ့ကြောင်း အစ္စလာမ်မစ်အဖွဲ့ကြေညာ

ဖေဖော်ဝါရီ ၁၈

အီဂျစ်နိုင်ငံ၊ ဆိုင်းနိုင်းကျွန်းဆွယ်၌ ဖေဖော်ဝါရီ ၁၆ရက်တွင် ကမ္ဘာလှည့်ခရီးသည်ဘတ်စ်ကားတစ်စီးအား ဗုံးခွဲတိုက်ခိုက်ခြင်းကို ၎င်းတို့လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟု အစ္စလာမ်မစ်စစ်သွေးကြွအုပ်စုဖြစ်သော အန်ဆာဘေ့အယ်လ်မက်ဒစ်အဖွဲ့က ထုတ်ဖော်ပြောဆိုသည်။

အဆိုပါအုပ်စုက လက်ရှိအီဂျစ်အစိုးရအား "သစ္စာဖောက်များ"ဟူ၍ ရည်ညွှန်းဖော်ပြပြီး ယခုတိုက်ခိုက်မှုသည် အစိုးရအပေါ်စီးပွားရေးဆိုင်ရာစစ်ပွဲဆင်နွှဲခြင်း၏ အစိတ်အပိုင်းဖြစ်ကြောင်း သတိပေးသည်။ ယင်းတိုက်ခိုက်မှုကြောင့် တောင်ကိုရီးယားနိုင်ငံသားသုံးဦးနှင့် အီဂျစ်နိုင်ငံသားတစ်ဦးတို့ သေဆုံးခဲ့ရသည်။

အီဂျစ်နိုင်ငံ၏ ဆိုင်းနိုင်းကျွန်းဆွယ်ဒေသသည် ၂၀၁၁ခုနှစ်တွင် သမ္မတဟော့စနီမူဘာရက်ကိုဖြုတ်ချလိုက်ချိန်မှစ၍ ဥပဒေမဲ့မှုများ ပိုမိုဖြစ်ပေါ်လာသည်။ ပြီးခဲ့သည့်နှစ်တွင် အီဂျစ်စစ်တပ်က သမ္မတမိုဟာမက်မော်စီကို ဖြုတ်ချလိုက်ပြီးသည့်နောက်ပိုင်းတွင် စစ်သွေးကြွများက ၎င်းတို့၏တိုက်ခိုက်မှုများကို တိုးမြှင့်လုပ်ဆောင်လာခဲ့သည်။

ယခုဖြစ်ရပ်သည် ဆယ်စုနှစ်တစ်စုနီးပါးကာလအတွင်း ကမ္ဘာလှည့်ခရီးသည်များအပေါ် ပစ်မှတ်ထားသည့် ပထမဆုံးတိုက်ခိုက်မှုဖြစ်ပြီး စစ်သွေးကြွများက အီဂျစ်နိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းပျက်စီးစေရန်အတွက် လှုံ့ဆော်လှုပ်ရှားမှုများပြန်လည်ပြုလုပ်လာမည်ကို စိုးရိမ်မှုများမြင့်တက်နေသည်။

တိုက်ခိုက်မှုများဖြစ်ပွားချိန်တွင် အဆိုပါဘတ်စ်ကားသည် ဆီနိုင်းတောင်အနီး လူကြိုက်များသောခရီးသွားနေရာတစ်ခုဖြစ်သည့် စိန့်ကက်သရင်းဘုရားကျောင်းမှ အစ္စရေးနိုင်ငံအတွင်းသို့ ဦးတည်သွားနေခြင်းဖြစ်သည်ဟု သတင်းများတွင်ဖော်ပြသည်။ ယင်းဘတ်စ်ကားသည် ကမ္ဘာလှည့်ခရီးသည် ၃၁ဦးအပြင် လမ်းပြသုံးဦးဖြစ်သည့် ကိုရီးယားလူမျိုးနှစ်ဦးနှင့် အီဂျစ်လူမျိုးတစ်ဦးတို့ကိုတင်ဆောင်လာကြောင်း ဖေဖော်ဝါရီ ၁၇ရက်တွင် တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးကပြောကြားသည်။

တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသူများမှာ အဆိုပါတောင်ကိုရီးယားလမ်းပြနှစ်ဦး၊ တောင်ကိုရီးယားကမ္ဘာလှည့်ခရီးသည်တစ်ဦးနှင့် အီဂျစ်လူမျိုးယာဉ်မောင်းတစ်ဦးတို့ဖြစ်ကြောင်းတောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြောကြားချက်ကိုကိုးကား၍ ယွန်ဟက်သတင်းဌာနကဖော်ပြသည်။ တိုက်ခိုက်မှုအတွင်း ထိခိုက်ဒဏ်ရာရရှိသွားခဲ့သော အခြားတောင်ကိုရီးယားနိုင်ငံသား ၁၄ဦးကို ဆေးရုံတင်ထားရသည်။

Ref: CNA



# အိန္ဒိယအယ်ဒီတာဟောင်းအား အဓမ္မပြုကျင့်မှုဖြင့် တရားစွဲ



ဖေဖော်ဝါရီ ၁၈

အိန္ဒိယနိုင်ငံ၌ ထင်ရှားသော သတင်းမဂ္ဂဇင်းတစ်စောင်၏ အယ်ဒီတာဟောင်းကို လုပ်ဖော်ကိုင်ဖက်အမျိုးသမီးအား အဓမ္မလိင်ပြုကျင့်မှုနှင့် တရားစွဲဆိုလိုက်သည်။

အဆိုပါအယ်ဒီတာဟောင်း တာရန်တက်ပါလ်အနေနှင့် လိင်ပိုင်းဆိုင်ရာနှောင့်ယှက်စော်ကားမှုနှင့် အမျိုးသမီးတစ်ဦး၏ ကာယိန္ဒြေအပေါ် ရက်စက်ရမ်းကားမှုတို့နှင့်လည်း စွဲဆိုခံရမည်ဖြစ်ကြောင်း အိန္ဒိယသတင်းစာ Press Trust တွင်ဖော်ပြသည်။ တီဟယ်လ်ကာမဂ္ဂဇင်းအယ်ဒီတာဟောင်း မစ္စတာတက်ပါလ်သည် နိုဝင်ဘာ ၃၀ရက်ကတည်းက အကျဉ်းထောင်ထဲရောက်ရှိနေခဲ့ခြင်းဖြစ်သည်။ စွဲချက်များနှင့်ပတ်သက်၍ သူကငြင်းဆိုထားသည်။

အမည်မဖော်ပြသော တရားလိုက နိုဝင်ဘာလတွင် ဂိုအာမြို့၌ အဆိုပါမဂ္ဂဇင်းကပြုလုပ်သော အခမ်းအနားပွဲတစ်ခုတွင် သူမကို ယင်းအယ်ဒီတာက ကိုယ်ထိလက်ရောက်စော်ကားခဲ့ခြင်းဖြစ်သည်ဟု စွပ်စွဲထားသည်။ ယင်းစွဲချက်များနှင့်ပတ်သက်၍ အပြစ်ရှိကြောင်း တွေ့ရှိရပါက မစ္စတာတက်ပါလ်သည်အနည်းဆုံး ထောင်ဒဏ်ခုနစ်နှစ်ကျခံရနိုင်ကြောင်း ဥပဒေကျွမ်းကျင်သူများကဆိုသည်။

အစိုးရရှေ့နေများက စာမျက်နှာ ၂၇၀၀နီးပါးရှိသော တရားစွဲဆိုချက်အမှုတွဲကို ဖေဖော်ဝါရီ ၁၇ရက်တွင် ဂါအိုမြို့တရားရုံး၏ ရာဇဝတ်တရားသူကြီးချုပ် အန်နူဂျာပရာဘူဒီဆိုင်းထံသို့ တင်သွင်းခဲ့သည်။ အဆိုပါစွဲချက်ကို မတင်သွင်းမီ အဓမ္မပြုကျင့်ခံရသူ၊ တာဟယ်လ်ကာမဂ္ဂဇင်းတိုက်ဝန်ထမ်းများနှင့် စုံစမ်းစစ်ဆေးရေးအရာရှိများအပါအဝင် သက်သေ ၁၅၂ဦးကျော်ကို မေးခွန်းများမေးမြန်းခဲ့သည်။

Ref: AP

# တောင်ကိုရီးယား၌ အဆောက်အအုံပြိုကျ၍ ၁၀ ဦး သေဆုံးကာ တစ်ရာကျော်ဒဏ်ရာရ



Photos: Various sources

ဖေဖော်ဝါရီ ၁၈

တောင်ကိုရီးယားနိုင်ငံရှိ အပန်းဖြေစခန်းတစ်ခု၌ အဆောက်အအုံပြိုကျရာမှအနည်းဆုံးလူ ၁၀ဦးသေဆုံးပြီး လူ၁၀၀ကျော် ထိခိုက်အနာတရရရှိသွားသည်။

နိုင်ငံအရှေ့တောင်ပိုင်း၊ဂီယွန်ဂျူမြို့ရှိအဆိုပါပွဲကြည့်စင်အဆောက်အအုံအစိတ်အပိုင်း ရုတ်တရက်ပြိုကျမှုဖြစ်ပွားခဲ့ချိန်တွင် ဖျော်ဖြေပွဲတွင် ပရိသတ်ပေါင်း ၅၆၀ကျော်ရှိနေမည်ဟုယုံကြည်ရသည်။ သေဆုံးသွားသူများအနက် ၉ဦးသည် ကျောင်းသား၊ကျောင်းသူများဖြစ်သည်။ ယခုအခါ ကျောင်းသူကျောင်းသား အားလုံးကို ရှာတွေ့ပြီဖြစ်သည်ဟု ယုံကြည်ကြောင်း အစိုးရတာဝန်ရှိသူများက ပြောကြားသည်။

အဆောက်အအုံပြိုကျရခြင်းသည် ဇာတ်ရုံခေါင်မိုးပေါ်တွင်တင်နေသော ဆီးနှင်းထု၏အလေးချိန်ကြောင့်ဖြစ်သည်ဟု မီးသတ်ဌာနကဆိုသည်။ မိုးလေဝသအခြေအနေကြောင့်လည်း ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်မှုအပေါ် နှေးကွေးစေသည်ဟု ယူဆရသည်။ ဇာတ်ရုံအဆောက်အအုံသည် တောင်ပိုင်းဘူဆန်မြို့မှ ပထမနှစ်တက္ကသိုလ်ကျောင်းသူကျောင်းသားများအတွက် မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပနေစဉ်အတွင်း ရုတ်တရက်ပြိုကျခဲ့ခြင်းဖြစ်သည်။

''အဆောက်အအုံရဲ့အလယ်ပိုင်းက ဆီးနှင်းထုရဲ့အလေးချိန်ကို တောင့်မခံနိုင်တော့တဲ့အတွက် ပြိုကျသွားတာလို့ ကျွန်တော်တို့ယူဆထားပါတယ်''ဟု မီးသတ်တပ်ဖွဲ့ဝင်ကင်မ်အင်ယူက ပြောသည်။ လုံခြုံရေးနှင့်အများပြည်သူစီမံအုပ်ချုပ်မှုဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ပုဂ္ဂိုလ်တစ်ဦးက ''လူ၁၀ဦးသေဆုံးသွားတယ် ဆိုတာအတည်ပြုပါတယ်။ နှစ်ဦးကတော့ အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိထားတယ်။ အခြား၁၀၁ဦးက ပွန်းပဲ့တား၊ထိခိုက်ပြတ်ရှတာတွေ ဖြစ်တယ်''ဟုသတင်းထောက်များကို ပြောကြားသည်။ ကယ်ဆယ်ရေးသမားများလည်း ဖေဖော်ဝါရီ ၁၈ ရက်တွင်အတွင်း၌ပိတ်မိနေသူများရှိမရှိ စစ်ဆေးရန်အတွက် အပျက်အစီးပုံများပေါ်တွင်ရှာဖွေရေး လုပ်ငန်းများဆက်လက် လုပ်ဆောင်လျက်ရှိသည်။

အဆောက်အအုံ ပြိုကျမှုသည် ဒေသစံတော်ချိန် ည ၉နာရီ ၁၅မိနစ်ဝန်းကျင်ခန့်တွင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ပြည်တွင်း မီဒီယာများက ဖော်ပြသည်။ အဆိုပါနယ်မြေအတွင်း၌ပြီးခဲ့သည့်ရက်သတ္တပတ်တွင် ထူးထူးခြားခြားပင် ဆီးနှင်းများအလွန်အမင်းထူထပ်စွာကျရောက်ခြင်းကို တွေ့ကြုံခဲ့ရသည်။ **Ref: CNA**



# ကိုယ်ဝန်ဆောင်အမျိုးသမီးအား သေဆုံးစေမှုအတွက် တရုတ်ရဲတပ်ဖွဲ့ဝင်ကို သေဒဏ်ချ



ဖေဖော်ဝါရီ ၁၈

တရုတ်နိုင်ငံတောင်ပိုင်းရှိ စားသောက်ဆိုင်တစ်ခုတွင် ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးအား သေဆုံးစေပြီး သူမ၏ခင်ပွန်းသည်အား ထိခိုက်ဒဏ်ရာရရှိစေခဲ့ခြင်းတို့အတွက် ရဲတပ်ဖွဲ့ဝင်အမျိုးသားကို သေဒဏ်ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း တရုတ်အစိုးရပိုင်မီဒီယာများတွင် ဖော်ပြသည်။

အဆိုပါရဲတပ်ဖွဲ့ဝင်ဟူပင်သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဂန်ဇီဖွမ်ဒေသအတွင်းရှိယင်းလင်မယားနှစ်ဦး၏ ဆန်ခေါက်ဆွဲဆိုင်တွင် သေနတ်ဖြင့်ပစ်ခတ်ခဲ့ခြင်းဖြစ်သည်ဟု သတင်းများကဆိုသည်။ အဆိုပါစတိုးဆိုင်က နို့လက်ဖက်ရည်မရောင်းပေးနိုင်ကြောင်း ပြောဆိုလိုက်ပြီးနောက်တွင် သူသည် အရက်သောက်ကာ သေနတ်ဖြင့်ပစ်ခတ်ခဲ့ပုံရသည်။

ယင်းဖြစ်ရပ်သည် တရုတ်နိုင်ငံရှိ အွန်လိုင်းလူမှုကွန်ရက်အသုံးပြုသူများအကြား ယမ်းပုံမီးကျဒေါသပေါက်ကွဲစေခဲ့သည်။ တရုတ်နိုင်ငံတွင် ယခုကဲ့သို့ရဲတပ်ဖွဲ့ဝင်များ ပါဝင်ပတ်သက်သောမတရားမှုဖြစ်ရပ်များကို မကြာခဏကြားသိနေရသည်။ ဟူပင်သည် အဆိုပါပစ်ခတ်မှုအတွက် အပြစ်ရှိကြောင်းဝန်ခံထွက်ဆိုခဲ့သည်ဟု ရှန်ဟိုင်းနေ့စဉ်သတင်းစာတွင် ဖော်ပြသည်။

သူသည် ပြီးခဲ့သည့်အောက်တိုဘာလတွင် ပင်နန်မြို့ရှိ စားသောက်ဆိုင်အပြင်ဘက်တွင် လုပ်ဖော်ကိုင်ဖက်များနှင့် သောက်စားနေစဉ်မှာပင် ယင်းကဲ့သို့ပစ်ခတ်မှုကျူးလွန်ခဲ့ခြင်းဖြစ်သည်။ ခင်ပွန်းသည်ဖြစ်သူမှာ လက်ယာဘက်ပခုံး၌အသေးစားထိခိုက်မှုသာ ဖြစ်ပွားခဲ့သော်လည်း ဇနီးဖြစ်သူနှင့် သူမ၏ဗိုက်ထဲမှရင်သွေးတို့မှာ သေဆုံးသွားခဲ့ရသည်ဟု တရုတ်အစိုးရပိုင် ဆင်ဟွာသတင်းဌာနက ဆိုသည်။

ဟူပင်ကို ဖေဖော်ဝါရီ ၁၇ ရက်တွင် သေဒဏ်ချမှတ်ခဲ့သည်ဟု ဂီဂန်မြို့ရှိ တရားရုံးတာဝန်ရှိသူများ၏အဆိုအရသိရသည်။ ထို့ပြင် ထိခိုက်ခံစားရသော မိသားစုအား လျော်ကြေးငွေ ၇၃၃၂၄ယွမ် (အမေရိကန်ဒေါ်လာ ၁၂,၀၀၀) ပေးရန်လည်း အမိန့်ချမှတ်သည်။ ဟူပင်အနေနှင့် အဆိုပါပြစ်ဒဏ်အပေါ် အယူခံဝင်မည်ဟု အချို့သတင်းများတွင် ဖော်ပြသည်။ တရုတ်နိုင်ငံတွင် ပြီးခဲ့သောနှစ်များအတွင်း အာဏာပိုင်များတာဝန်ယူမှုရှိစေရေးကို တောင်းဆိုရာ၌အွန်လိုင်းလူမှုကွန်ရက်၏ အခန်းကဏ္ဍက ပိုမိုအရေးပါလာခဲ့သည်။

**Ref: CNA**

## အီရန်နျူကလီးယားအရေးအတွက်

# ရေရှည်သဘောတူညီချက်ရရှိရန် ဆွေးနွေးပွဲစတင်

ဖေဖော်ဝါရီ ၁၈

တီဟီရန်၏ အငြင်းပွားဖွယ်နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ ကာလရှည်သဘောတူညီမှုရရှိရန်အတွက် ပြုလုပ်သည့် အီရန်နှင့်ကမ္ဘာ့အင်အားကြီး ခြောက်နိုင်ငံတို့၏ ညှိနှိုင်းဆွေးနွေးပွဲပထမအကျော့ကို စတင်တော့မည်ဖြစ်သည်။

ဗီယင်နာမြို့တွင်ပြုလုပ်သည့် အဆိုပါဆွေးနွေးပွဲကို နိုဝင်ဘာလတွင်ရရှိခဲ့သည့် ယာယီသဘောတူညီမှုအပေါ် အခြေခံတည်ဆောက်သွားရန်ရည်ရွယ်ထားသည်။ နိုဝင်ဘာလအတွင်း အီရန်နိုင်ငံက ယူရေနီယံသန့်စင်မှုအား ထိန်းချုပ်ဟန့်တားရေးအား သဘောတူညီပြီး အပြန်အလှန်အားဖြင့် စီးပွားရေးပိတ်ဆို့အရေးယူမှုကို တစ်စိတ်တစ်ပိုင်းအားဖြင့် ဖယ်ရှားပေးမည့် အချက်ပါဝင်ခဲ့သည်။ အနောက်နိုင်ငံများက အီရန်အနေနှင့် နျူကလီးယား လက်နက်တပ်ဆင်ရန် ကြိုးပမ်းနေသည်ဟု သံသယရှိနေသော်လည်း တီဟီရန်အစိုးရက ယင်းအချက်ကိုငြင်းဆိုထားသည်။

ဩစတြီးယားနိုင်ငံ၏ မြို့တော်၌ ဒေသစံတော်ချိန် နံနက် ၁၁နာရီတွင် အီရန်နှင့် ဗြိတိန်၊ တရုတ်၊ ပြင်သစ်၊ ဂျာမနီ၊ ရုရှား၊ အမေရိကန်ပြည်ထောင်စု စသော အင်အားကြီး ခြောက်နိုင်ငံတို့အကြား ညှိနှိုင်းဆွေးနွေးပွဲကို စတင်ဖွင့်လှစ်တော့မည်ဖြစ်သည်။ အနောက်အုပ်စုအနေနှင့် နျူကလီးယားဗုံး လျှင်လျှင်မြန်မြန်တပ်ဆင်ထုတ်လုပ်နိုင်ခြင်း မရှိစေရန်သေချာစေရေးအတွက် စိုးရိမ်စရာအခြေအနေဖြစ်သော အီရန်၏ အစီအစဉ်ကို သိသိသာသာလျှော့ချပေးရန် လိုလားလျက်ရှိသည်။

သို့သော် တီဟီရန်အစိုးရကမူ ၎င်း၏နျူကလီးယားလုပ်ငန်းစဉ်များသည် ငြိမ်းချမ်းသောအရာများအတွက်သာဖြစ်ပြီးဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောဆိုထားသည်။ အီရန်အနေနှင့် ၎င်း၏စီးပွားရေးကို ရိုက်ချိုးဖျက်ဆီးနေသည့် စီးပွားရေးပိတ်ဆို့မှုကိုလည်း အဆုံးသတ်စေလိုနေသည်။ အီရန်နှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံတို့အကြား အပြီးသတ်စာချုပ်တစ်ရပ်ရရှိရေးအတွက် ယခုကဲ့သို့စေ့စပ်ညှိနှိုင်းရေးကို သဘောတူရန်လွန်စွာခက်ခဲသော အပြန်အလှန်အပေးအယူများ လအတန်ကြာအချိန်ယူပြုလုပ်ခဲ့ရသည်။

**Ref: Reuters**



